


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ပညာလေးနဲ့ရှုနေစမ်းပါ

(ဂီလာနရဟန်း)

၁၆၅

ဟောကြားသည့်နေ့
၂၈ - ၁၁ - ၅၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ပညာလေးနဲ့ရှုနေစမ်းပါ

(ဂီလာနုရဟန်း)

ဟောကြားသည့်နေ့
(၂၈-၁၁-၁၉၅၉)

စာမူခွင့်ပြုချက် အမှတ် - ၃/၂၀၀၂ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၄/၂၀၀၂ (၁)

အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - (၅၀၀/-)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ပညာလေးနဲ့ ရှုနေစမ်းပါ

## (ဂိလာနရဟာန်း)

ဟောကြားသည့်နေ့ (၂၈-၁၁-၁၉၅၉)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဝေသာလီပြည်မှာ သီတင်းသုံးတယ်။ ဝေသာလီပြည်မှာ သီတင်းသုံးပြီးနေတဲ့အခါကျတော့ ရဟာန်းတစ်ပါးက မမာဘူးလို့ မှတ်ကြရမယ်. . . (မှန်ပါ)။

## ဘုရားက လူမမာမေးကြွတယ်

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝေသာလီပြည်မှာ သီတင်းသုံးတယ်။ သီတင်းသုံးနေတုန်းပဲ ရဟာန်းတစ်ပါး

က မမာတဲ့အခါကျတော့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သွားပြီးသကာလ မေးတယ်။

မင်း ဝေဒနာ ဘယ့်နှယ်နေတုံး၊ ပြောစမ်းပါကွာဆို တော့၊ တပည့်တော် ဝေဒနာခံစားနေရပါတယ်ဘုရားလို့ အဲဒီ လိုပြောတဲ့အခါကျတော့၊ ဝေဒနာခံစားရတဲ့ပုဂ္ဂိုလ်ကို **သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ ခယေယျ** လို့ ဟောလိုက် တယ်။ **သတော** = သတိရှိသည်ဖြစ်၍၊ ဝေဒနာခံစားတဲ့ပုဂ္ဂိုလ် များ သတိရှိရမယ်ကွ။

ဘိက္ခဝေ = ရဟန်းတို့၊ သတော = သတိရှိသည်ဖြစ်၍၊ သမ္ပဇာနော = ပညာရှိသည်ဖြစ်၍၊ ကာလံ = ဝေဒနာခံစားတဲ့ ကာလကို၊ ခယေယျ = ကုန်စေရာ၏၊ သတိနဲ့ ပညာနဲ့နေတဲ့။

## သတိပညာနဲ့နေပါ

ဝေဒနာခံစားပြီးသကာလနေတဲ့အခါကျလို့ရှိရင်၊ သတိ ပညာနဲ့ နေပါလို့ ဘုရားက ဝေဒနာသည်ကို သတိပေးလိုက် သည်. . . (မှန်ပါ)။

ဝေဒနာသည် ဘာနဲ့နေရမယ်. . . (သတိပညာနဲ့နေရ ပါဘုရား)။ သတိပညာနဲ့နေရမယ်လို့ဆိုတော့၊ ဝေဒနာသည် ကတော့ မောင်နိုင်တို့သိတဲ့အတိုင်း ကိုမြင့်တို့သိတဲ့အတိုင်း ဝေဒနာနဲ့ပဲ သူနေမှာပဲ. . . (မှန်ပါ)။

---

အဲတော့. . . သတိနဲ့နေပါဆိုတာ၊ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဒါ ဝေဒနာပါပဲ၊ ဒါ ဝေဒနာပဲလို့ သိနေလို့ရှိရင် ဒါ ဝေဒနာသတိရှိတဲ့ပုဂ္ဂိုလ်မို့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဝေဒနာတွေ သိနေတာ. . . (မှန်ပါ)။

ဘုရားက သတိတင်ပြောတာမှ မဟုတ်ဘဲ **သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ ခယေယျ** ဆိုတဲ့ ပညာထည့်ဦးကွ. . . (မှန်ပါ)။

## ဝေဒနာပေါ်တိုင်း သတိထားပါ

သတိကတော့ဖြင့် မောင်နိုင်တို့ မှတ်စရာက၊ အင်း. . ဘယ်ဝေဒနာ ဘယ်ဝေဒနာ ဘယ်ဝေဒနာရယ်လို့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သတိထားတာသည်သတိလို့ မှတ်ကြစမ်းပါ. . (မှန်ပါ)။

ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သတိထားတာက. . . (သတိပါဘုရား)၊ သမ္ပဇာနော ဆိုတာက ပညာ၊ သမ္ပဇာန ဘာပါလိမ့်မလဲလို့မေးရင်. . . (ပညာပါဘုရား)။

**သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ ခယေယျ**၊ မင်းတို့ သတိနဲ့တင်နေလို့တော့ မတော်သေးဘူးကွ၊ ပညာနောက်ကလိုက်ဦး. . . (မှန်ပါ)။

ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သတိထားမိတာကတော့ သတိပေါ့လေ. . . (မှန်ပါ)၊ ပညာနောက်ကလိုက်ဦးကွ၊ ဘုရားက သတိပေးလိုက်တယ် ဒကာ ဒကာမတို့. . . (မှန်ပါ)။

## သတိနောက်က ဘာလိုက်ရမှာတုံး

သတိနောက်က ဘာလိုက်ရမတုံး. . . (ပညာလိုက်ရမှာပါဘုရား)၊ ပညာလိုက်ရဦးမယ်လို့ သတိပေးလိုက်ပါတယ်။

အဲတော့ ဒကာ ဒကာမတွေ ဘုန်းကြီးများက သင်ထားတာက ခန္ဓာကိုယ်ထဲ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဝေဒနာသုံးမျိုးပေါ်တာ ပေါ်တိုင်းသိရင် သတိပဲ. . . (မှန်ပါ)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ဒါ သုခပဲ၊ ဒါ ဒုက္ခပဲ၊ ဒါ ဥပေက္ခာပဲလို့ ပေါ်တိုင်း ပေါ်တိုင်း သိနေရင် ဘာဆိုကြမယ်. . . (သတိပါဘုရား)၊ သတိလို့ မှတ်ကြ။

ပေါ်တိုင်း ပေါ်တိုင်း သိနေရင်. . . (သတိပါဘုရား)၊ ကောင်းပြီ၊ **သတော ဘိက္ခဝေ သမ္ပဇာနော ကာလံ ခယေယျ** ဟောသောကြောင့် ပညာလေးလည်း လိုက်ဦးမှတော်မယ်ကွ။

## ပညာလည်းလိုက်ရဦးမယ်

မောင်နိုင် ဘာလိုက်ရမတုံး. . . (ပညာလိုက်ရမှာပါ

ဘုရား)၊ ပညာလည်း လိုက်ရဦးမယ်တဲ့ ဒကာ ဒကာမတို့၊ ဝေဒနာ ခံစားနေတဲ့ပုဂ္ဂိုလ်မှာ သတိလည်း လိုက်ရမယ်၊ ပညာလည်း လိုက်ရမယ်လို့ ပြောထားတော့။

ပညာလိုက်တော့ ဘယ်လိုလိုက်ရမှာတုံးလို့ မေးတော့၊ ပညာလိုက်ပုံ ငါရှင်းပြမယ်ကွာ၊ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိရင် ဘာဆိုကြမယ်. . . (သတိပါဘုရား)။

သတိပဲရှိသေးတယ်. . . (မှန်ပါ)၊ ပညာက ဘယ်လို လိုက်ရမှာတုံးလို့မေးတဲ့အခါကျတော့မှ၊ ဒကာ ဒကာမတွေ ဒီနေ့ ရှင်းပေးမယ်တဲ့၊ ဒါ လူမမာကို ဟောနေတာလို့ ဒကာ ဒကာမတွေက မှတ်ကြစမ်းပါ. . . (မှန်ပါ့)။

ဘယ်သူ့ဟောနေတာပါလိမ့်. . . (လူမမာဟောနေတာပါဘုရား)၊ လူမမာဟောနေတာလို့ ဒကာ ဒကာမတွေက မှတ်ပါ။

ဝေဒနာပေါ်တိုင်း ပေါ်တိုင်းသိနေရင်ဘာတဲ့. . . (သတိပါဘုရား) ဘုရားက သတိတင် တော်ပါရဲ့လား၊ **သတောဘိက္ခုဝေ ဘိက္ခုသမ္ပဇာနော** လို့ မပါဘူးလား. . . (ပါပါတယ်ဘုရား)။

**ကာလံခယေယျ** ပညာလေးလဲ လိုက်ပေးပါဦး ရဟန်းရာ၊ သတိလေးတင်မတော်နဲ့ကွ ပညာပါလိုက်ပေးပါလို့ ဒကာ ဒကာမတွေ နှစ်ချက်ဘုံးမတယ်. . . (မှန်ပါ)။

ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း သိရင် ဘာဆိုကြမယ် . . . (သတိပါဘုရား)၊ သတိလို့ မှတ်လိုက်ကြစမ်းပါ။ ပညာလိုက်ပေးပါဦးဆိုတာလေးကိုလည်း ဘုရားက ဖြည့်စွက်လိုက်ပြန်တယ်. . . (မှန်ပါ)။

## ပညာဘယ်လိုလိုက်ရမှာလဲ

ဘာလိုက်ရမှာတုံး. . . (ပညာလိုက်ရမှာပါဘုရား)၊ ပညာလိုက်ပေးရဦးမယ်ဆိုတော့၊ ကိုင်း. . . တဲ့၊ ဝေဒနာ သုံးပါးရှိတာ ငါဘုရား ရှင်းပြမယ်၊ မင်းတို့ အသေအချာ နားထောင်ဆိုပြီး လူမမာကို ဘုရားက ဟောရှာတယ်. . . (မှန်ပါ့)။

ဒီဝေဒနာလေးဟာကွာတဲ့၊ ပညာလိုက်ချက်က ဒီလိုယူပါကွတဲ့၊ ဥပမာမှာ ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်တယ်၊ မောင်နိုင်တို့ မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ဩော်. . . ဒီဝေဒနာလေးဟာ ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့၊ ကိုယ်ပေါ်မှာ မှီဖြစ်ရသောကြောင့် **ကာယံ ပဋိစ္စဝေဒနာ** . . . (မှန်ပါ)။

ကိုယ့်ကြောင့်ဖြစ်တဲ့ဝေဒနာ. . . (မှန်ပါ)၊ ကိုယ်မရှိတဲ့ပုဂ္ဂိုလ်မှာ. . . (မဖြစ်ပါဘူးဘုရား)၊ သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။

ကိုယ်မရှိတဲ့ပုဂ္ဂိုလ်မှာ. . . (မဖြစ်ပါဘူးဘုရား)၊ ဝေဒနာ ပေါ်ကိုး မပေါ်နိုင်ဘူး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျ ပါတယ်ဘုရား)၊ ကိုယ် မရှိတဲ့ပုဂ္ဂိုလ်မှာ. . . (ဝေဒနာ မပေါ်နိုင် ပါဘူးဘုရား)။

## ဘယ်သူ့ကြောင့်ဝေဒနာပေါ်လဲ

ဝမ်းထဲမှာပေါ်တာ **ဟဒယဝတ္ထု**ရှိလို့ပေါ်တာ. . . (မှန် ပါ)၊ ပြင်ဘက်မှာ ပေါ်လည်း ကိုယ်ရှိလို့ ပေါ်တာ. . . (မှန်ပါ)။

အဲတော့ **ကာယံ ပဋိစ္စ သုခဝေဒနာ**၊ ဩော်. . . ကိုယ်ကို အမှီပြုပြီး ယောဒါက ဒကာ ဒကာမတွေ၏ ခန္ဓာငါး ပါးဆိုတဲ့ ကိုယ်ကြီးလို့ မှတ်ထားလိုက်တာပေါ့. . . (မှန်ပါ)။

ဒီ ခန္ဓာငါးပါးအပေါ်မှာတဲ့ ဒီခန္ဓာ ရှိပြီးသကာလနေ တော့၊ ဒီခန္ဓာငါးပါးထဲမှာလည်းတဲ့ ဒကာ ဒကာမတွေက ကိုယ် ခန္ဓာလို့မှတ်ထားလိုက်တာပေါ့၊ ဒီတစ်ခုလေးက. . . (မှန်ပါ)။

ဒါ ဒကာ ဒကာမတွေ တစ်ကိုယ်လုံးပေါ့လေ. . . (မှန်ပါ)၊ အဲဒီ တစ်ကိုယ်လုံးမှာ ဒကာ ဒကာမတွေ ကိုယ်ရှိခဲ့ သည်ရှိသော်၊ ယောဒီ ဝေဒနာလေးဟာ ကိုယ်ပေါ်မှာ ပေါ်ရပါ တယ်. . . (မှန်ပါ)။

## ဝေဒနာကိုယ်ပေါ်မှာပေါ်တယ်

ဝေဒနာလေးက ဘယ်ပေါ်မှာပေါ်ပါလိမ့်. . . (ကိုယ်ပေါ်မှာပေါ်ရပါတယ်ဘုရား)၊ ဪ. . . ကိုယ်ပေါ်မှာပေါ်ရတယ်။

ကိုယ်ပေါ်မှာ ပေါ်ရတော့ ကိုယ်အစွဲပြုပြီး ပေါ်ရတဲ့ဝေဒနာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကိုယ်ကိုမစွဲလို့ရှိရင်. . . (မဖြစ်ပါဘူးဘုရား)၊ ကိုယ်တည်းဟူသော မှီရာမရှိခဲ့သော်. . . (မဖြစ်နိုင်ပါဘူးဘုရား)၊ မဖြစ်နိုင်ဘူးဆိုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကိုင်း- ဒါဖြင့် သုခဝေဒနာလေးဟာ ဒကာ ဒကာမတွေပဲ စဉ်းစားပါတော့၊ ဒကာ ဒကာမတွေပဲ စဉ်းစားပါတော့တဲ့။ ကိုယ်ရှိလို့ သုခဝေဒနာပေါ်သည်. . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်. . . (ကိုယ်ရှိလို့ သုခဝေဒနာပေါ်တာပါဘုရား)၊ ဪ. . . ကိုယ်ပေါ်မှာပေါ်တယ်ဆိုတာ ရိပ်မိသွားပြီ. . . (ရိပ်မိပါပြီဘုရား)။

## ကိုယ်ရှိလို့ ဝေဒနာသုံးပါးပေါ်တယ်

ကိုယ်ရှိလို့ ဘာပေါ်ပါလိမ့်. . . (သုခဝေဒနာပေါ်ပါ

တယ်ဘုရား)၊ ကိုယ်ရှိလို့ သုခဝေဒနာပေါ်တယ်၊ စုပြီး မှတ်လိုက်ပေတော့၊ ကိုယ်ရှိလို့ ဒုက္ခဝေဒနာပေါ်တယ် မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ကိုယ်ရှိလို့ ဥပေက္ခာဝေဒနာပေါ်တယ်. . . (မှန်ပါ)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါဖြင့် ကိုယ်ရှိလို့ ဝေဒနာသုံးပါးမပေါ်နိုင်ဘူးလား. . . (ပေါ်နိုင်ပါတယ်)။

ဒါ ဘုရားက သမ္မာဇာန ပညာနဲ့ ရှုရမယ့်နေရာဌာနကို ကွက်ဟောသည်လို့ ဆုံးဖြတ်ချက်ချပါနော်. . . (မှန်ပါ)။

ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိရင် သတိကိုးဗျ. . . (မှန်ပါ)၊ သမ္မဇာနဆိုတဲ့ ပညာဝင်ရတော့မယ်ဆိုတော့၊ ဒကာဒကာမတွေ ဒီလိုရှင်းလိုက်ပါတဲ့။ ကိုယ်ရှိလို့ ဝေဒနာပေါ်တယ် (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်က ကိုယ့်ရုပ်ကိုက ကာယပသာဒဆိုတဲ့ကိုယ့်ရုပ်ကိုက ကိုမြင့်တို့ မောင်နိုင်တို့က စဉ်းစားလိုက် သူ့ကိုကအနိစ္စတရား. . . (မှန်ပါ)။

## ကိုယ့်ရုပ်က ဘာပါလိမ့်

ကိုယ့်ကိုယ်က ဘာတုံး. . . (အနိစ္စတရားပါဘုရား)၊ ကိုယ့်ရုပ်ကိုက ဘာပါလိမ့်. . . (အနိစ္စတရားပါဘုရား)။

ဒါဖြင့် အနိစ္စအပေါ်မှာ မှီပြီးပေါ်ရတဲ့တရားကို အားလုံး ဒကာ ဒကာမတွေက ဘယ်လိုဆုံးဖြတ်ချက်ချ. . . (အနိစ္စလို့ပဲ ဆုံးဖြတ်ချက်ချပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါ တယ်ဘုရား)။

အနိစ္စပေါ်မှာ ပေါ်တဲ့တရားကို ဘယ်လိုဆုံးဖြတ်ချက် ချ. . . (အနိစ္စပါဘုရား)၊ နေရာကျပြီ။

ဒါကြောင့် ဩော်. . . ပညာနဲ့လည်း ရှုပါဦးဆိုတော့။

## ဒါက ပညာပါလာတယ်

ဒါက ပညာလေးပါလာတယ်. . . (မှန်ပါ)။

ဩော်. . . ကိုယ်ရှိလို့ ဝေဒနာပေါ်တယ်။ ကိုယ်အနိစ္စ ရောက်လို့ ဝေဒနာ. . . (အနိစ္စရောက်ပါတယ်ဘုရား)၊ ဒီလို ပညာလေးထည့်ပေးပါဦးကွတဲ့။

ဩော်. . . ဝေဒနာပေါ်လာရင် ဒကာ ဒကာမတို့ ကိုယ်ရှိလို့လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ကိုယ့်ကိုယ်က ဒကာ ဒကာမတို့သိတဲ့အတိုင်း ကိုယ့်ရုပ်ကိုယ်က အနိစ္စတရား. . . (မှန်ပါ)။

အနိစ္စအပေါ်မှာ ပေါ်ရတဲ့တရားကို ဘယ်လိုဆုံးဖြတ် ချက်ချ. . . (အနိစ္စတရားလို့ ဆုံးဖြတ်ချက်ချပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## အနိစ္စအပေါ် မှာပေါ် တဲ့တရား

အနိစ္စအပေါ် မှာ ပေါ် တဲ့တရားကို. . . (အနိစ္စတရား)၊ အဲဒါကြောင့်တဲ့၊ အဲဒီလိုပညာလေးထည့်ပေးလိုက်တဲ့အခါကျ တော့၊ ဩော်. . . အနိစ္စအပေါ် မှာ ပေါ် ရတဲ့တရားဖြစ်သော ကြောင့် အနိစ္စပဲ. . . (မှန်ပါ)။

ခယမမှ ပဲ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ကုန်တတ်တဲ့ဓမ္မပဲ၊ ဝယဓမ္မပဲ ပျက်တတ်တဲ့ဓမ္မပဲဆိုရင်ကော. . (မလွဲပါဘူးဘုရား)။

နိရောဓ ဓမ္မပဲ ချုပ်တတ်တဲ့ဓမ္မပဲဆိုရင်ကော. . (မလွဲ ပါဘူးဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ခယဝယ နိရောဓဖြစ်ရပါလိမ့်မတုံး ဆိုတော့၊ အို. . . သူမှီနေတဲ့တရားကိုက အနိစ္စမို့ သူ့ဘာဆို ကြမတုံး. . . (အနိစ္စပါဘုရား)။

သူ အမှီခံရတဲ့တရားကိုက. . . (အနိစ္စပါဘုရား)၊ အနိစ္စမို့ မှီတတ်တဲ့ဝေဒနာ ဘယ့်နှယ်ဆိုကြမတုံး. . . (အနိစ္စ ပါဘုရား)။

## ဖြစ်ထိုက်လို့ဖြစ်တဲ့အနိစ္စ

ဩော်. . . ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ သံသယမရှိတဲ့ အနိစ္စပါလား. . . (မှန်ပါ)၊ ဖြစ်ထိုက်လို့ဖြစ်တဲ့

အနိစ္စပါလား. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အိမ်အိုလို့ အိမ်ပြိုတာ မောင်နိုင်တို့ သံသယရှိသေးသလား. . . (မရှိပါဘူးဘုရား)၊ အိမ်အိုလို့. . . (အိမ်ပြိုတာပါဘုရား)။

အဲ. . . အိမ်အိုလာတော့ ဒကာ ဒကာမတို့ လေတို့ဘာတို့ တိုက်ရင်ပြိုမှာပေါ့. . . (မှန်ပါ)၊ ဘာပြုလို့တုံး. . . (အိမ်အိုလို့ပါဘုရား)။

အိုတဲ့ ဥစ္စာပဲ ပြိုကျတဲ့အလုပ်ဟာ ဒကာ ဒကာမတို့ကသြော်. . . အံ့အားများသင့်စရာလိုသေးသလား. . . (မလိုပါဘူးဘုရား)၊ လိုကြသေးသလား. . . (မလိုပါဘူးဘုရား)။

မလိုတာ ဘယ့်နှယ်ကြောင့်ပါလိမ့်ဗျာ. . . (အိမ်အိုလို့ပါဘုရား)၊ အိုဆွေးပြီးသကာလနေလို့ ပြိုပျက်တာ. . . (မှန်ပါ)၊ အိုဆွေးပြီးသကာလနေလို့. . . (ပြိုပျက်တာပါဘုရား)။

ဒီမှာလည်း အနိစ္စအပေါ်မှာ မှီဖြစ်ရတဲ့ဝေဒနာမို့ ဘာဆိုကြမယ်. . . (အနိစ္စပါဘုရား)၊ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

အနိစ္စ ခန္ဓာအပေါ်မှာ တည်တံ့ပြီး အကြောင်းတိုက်ဆိုင်လို့ဖြစ်ပေါ်လာရတဲ့အတွက် မောင်နိုင်တို့ သိတဲ့အတိုင်းတဲ့သူ ဒုက္ခဝေဒနာပေါ်နေတယ်. . . (မှန်ပါ)။

## ပညာလေးနဲ့ရှုနေစမ်းပါ

ဘယ်အပေါ်မှာ ပေါ်နေတာတုံး. . . (ကိုယ်အပေါ်မှာ ပေါ်နေတာပါဘုရား)၊ ကိုယ့်ကိုယ်က အနိစ္စမို့ ဒုက္ခဝေဒနာ လည်း. . . (အနိစ္စပါဘုရား)။

အဲဒီလို မင်းပညာလေးနဲ့ ရှုနေစမ်းပါကွ၊ သဘောကျ ပလား. . . (ကျပါတယ်ဘုရား)။

ကိုယ့်ကိုယ်က ဘာတဲ့. . . (အနိစ္စပါဘုရား)၊ မှီတတ်တဲ့ တရားလေးကရော. . . (အနိစ္စပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတွေလည်း ဒီနည်းယူ ပြီး သကာလ ကိုယ်ပေါ်မှာ ဝမ်းထဲမှာပေါ်ပေါ်၊ ဝမ်းထဲမှာဆို တာလည်း ကိုယ်ပဲ၊ အင်း. . . ကျောပေါ်မှာပေါ်လည်း ကိုယ်ပဲ . . . (မှန်ပါ)။

လက်ထဲပေါ်လည်း. . . (ကိုယ်ပါဘုရား)၊ ကိုယ်ပဲတဲ့။ ကိုယ့်ကိုယ်က ဘာပါလိမ့်. . . (အနိစ္စပါဘုရား)။

ကိုယ့်ကိုယ်က အနိစ္စမို့၊ မှီရပ်ကလေးပေါ်လာတဲ့ ဝေဒနာကလေး ယားတယ်၊ နာတယ်၊ ကိုက်တယ်၊ ကောင်း တယ်ဆိုတာကလေးကကော. . . (အနိစ္စပါဘုရား)။

ဩော်. . . ဒီလိုဆိုတော့၊ အကြောင်းသိမ်းဆည်းပြီး သကာလ ရှုတဲ့အနိစ္စဖြစ်လေသောကြောင့်တဲ့၊ ဒီအကြောင်း ပျက်လို့ ဒီအကြောင်းကိုကအနိစ္စမို့ ဒီပေါ်တဲ့ဝေဒနာဟာလည်း . . . (အနိစ္စပါဘုရား)။

သံသယရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ သံသယ မရှိဘူးတဲ့ သံသယကိုလည်း သတ်ပြီးပါပြီ. . . (မှန်ပါ)။

ဒီတရားလေးဟာလည်း ပျက်သင့်လို့ ပျက်တယ်၊ ငါ ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာတော့ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူးဆိုတဲ့ ဥစ္စကော ဆုံးဖြတ်ချက်ကျပလား. . . (ကျပါတယ်ဘုရား)။

ဒီလိုဆုံးဖြတ်ချက် ကျပြန်တော့ မောင်နိုင်တို့ ကိုမြင့်တို့ ဒိဋ္ဌိသေတယ်. . . (မှန်ပါ့)၊ ဒီ ပျက်သင့်လို့ ပျက်တယ်လို့ သိ လိုက်တော့ ဝိစိကိစ္ဆာသေတယ်. . . (မှန်ပါ)။

## ပျက်သင့်လို့ပျက်တယ်

ဒီပညာနဲ့ရှုလို့. . . (မှန်ပါ့)၊ ပညာနဲ့ဖြစ်ပျက်ရှုလိုက်တာ ဒကာ ဒကာမတို့ ပျက်သင့်လို့ပျက်တယ်လို့ ယူနိုင်ကြပါရဲ့လား . . . (ယူနိုင်ပါတယ်ဘုရား)။

ဘယ်လိုယူကြမတုံး. . . (ပျက်သင့်လို့ ပျက်တာပါ ဘုရား)။ ပျက်သင့်လို့ပျက်တာ. . . (မှန်ပါ့)။ မပျက်သင့်ဘဲနဲ့ ပျက်တာလို့ ဆိုကြမလား. . . (မဆိုနိုင်ပါဘူး)၊ ဘယ်လိုဆိုကြ ပါ့. . . (ပျက်သင့်လို့ပျက်သွားတာပါဘုရား)။

ဩော်. . . သူ့အကြောင်းကိုက ပျက်လို့ သူ့အကျိုးက . . . (ပျက်သွားတာပါဘုရား)၊ ဒီလိုဆိုတော့ ဝိစိကိစ္ဆာသေ တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ် ဘုရား)။

## ဒိဋ္ဌိဝိစိကိစ္ဆာသေတဲ့ရှုနည်း

ဒီအကြောင်းကိုက မခိုင်လုံလို့ ဒီအကျိုးလေးဟာလည်း ပျက်ရပါတယ်လို့ ဒကာ ဒကာမတွေ ဆိုနိုင်ကြပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ထိုကဲ့သို့ဆိုနိုင်တဲ့အခါကျလို့ရှိရင်၊ အကြောင်းနဲ့တကွ သိမ်းဆည်းပြီးသကာလ အပျက်လို့မြင်တဲ့အတွက်၊ အကြောင်း သိမ်းဆည်းတာက ဝိစိကိစ္ဆာသေပါတယ်. . . (မှန်ပါ)၊

ပျက်တာ မြင်တာက ဒိဋ္ဌိ သေပါတယ်. . . (မှန်ပါ့)၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေတဲ့ရှုနည်း. . . (မှန်ပါ့)၊ နားလည်ကြပလား . . . (နားလည်ပါတယ်ဘုရား)။

ဘယ်လိုရှုနည်းပါလိမ့်. . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေတဲ့ရှုနည်းပါဘုရား)၊ ဒါဖြင့် ဝိပဿနာဉာဏ်ကတည်းက ဒကာ ဒကာမတွေက ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေပြီးရှုတဲ့အတွက်၊ အင်း. . . ဒီ ဒကာ ဒကာမတွေ မဂ်စစ်ပေါ်မှ ပေါ်ပါ့မလားလို့ဆိုတဲ့အတွေး ဘယ်တော့မှ မတွေးနဲ့. . . (မှန်ပါ့)။

## သူများရှုနည်းနဲ့မတူဘူး

ရှုကတည်းကကိုက ကျုပ်တို့ရှုနည်းက သူများရှုနည်းနဲ့ မတူဘူး. . . (မှန်ပါ)၊ အကြောင်းနဲ့တကွ အကြောင်းပျက်လို့ အကျိုးပျက်တာပဲလို့ ဆိုသဖြင့်၊ အကြောင်းပျက်သင့်လို့

အကြောင်းကိုက ပျက်ထိုက်တဲ့အကြောင်းဖြစ်လို့၊ အကျိုးဟာ ပျက်ရတယ်. . . (မှန်ပါ့)။

ကိုယ့်ကိုယ်က အနိစ္စမို့၊ ကိုယ်ပေါ်မှာ မှီတဲ့ဝေဒနာဟာ . . . (အနိစ္စပါဘုရား)။

ဒါဖြင့် အကြောင်းပျက်လို့ အကျိုးကော. . . (ပျက်ပါတယ်)၊ ဒါဖြင့် အကြောင်းပျက်လို့လို့ သိလိုက်သဖြင့် ဝိစိကိစ္ဆာ သေတယ်. . . (မှန်ပါ)။

အကျိုးတရားဟာ ဘယ်နည်းနဲ့မှ မခိုင်ဘူးဆိုတာကော မသိဘူးလား. . . (သိပါတယ်ဘုရား)၊ ထိုကဲ့သို့သိတော့ ဘယ့်နှယ်ဆိုကြမတုံး. . . (ဒိဋ္ဌိသေပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုဉာဏ်ကလေးထည့်ပြီး ရှုလိုက်လို့ရှိရင်၊ ရှုတဲ့အချိန်ကျတော့ ဖြစ်ပျက်တော့ မြင်တော့ မြင်မှာပဲတဲ့၊ မြင်ပေမယ့်လည်း ဒကာ ဒကာမတွေက၊ ဩော် . . . ပျက်သင့်လို့ ပျက်တာကိုးလေးတော့ ဘယ်အခါမဆို ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချပြီး ရှု. . . (မှန်ပါ)။

## အင်မတန်ကျေနပ်ပါတယ်

မပျက်သင့်ဘဲနဲ့ ပျက်တာလား၊ ပျက်သင့်လို့ ပျက်တာလား. . . (ပျက်သင့်လို့ပျက်တာပါဘုရား)၊ အဲဒီလို ပျက်တာလေးချည့် ရှု ရှုနေတာကို၊ ဘုန်းကြီးတို့က အင်မတန်ကျေနပ်ပါတယ်. . . (မှန်ပါ)။

သို့သော်လည်း တကယ်လို့ သံသယရှိလာလို့ရှိရင် ဆရာဘုန်းကြီး ခုဟောတဲ့အတိုင်း ဘုရားဟောတော်မူတဲ့ အတိုင်း ကာယ ပဋိစ္စသုခဝေဒနာဆိုတဲ့အတိုင်း ကိုယ်ကို အမှီ ပြုပြီး သုခဝေဒနာဆိုတာ ပေါ်ရတယ်. . . (မှန်ပါ)။

ကိုယ်ပျက်တော့. . . (သုခဝေဒနာပျက်ပါတယ် ဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ကိုယ်ပျက် တော့. . . (သုခဝေဒနာပျက်ပါတယ်ဘုရား)။

အင်း. . . ပျက်တဲ့အပေါ်မှာ ပေါ်လို့ပျက်တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ပျက်တဲ့ အပေါ်မှာ ပေါ်လို့. . . (ပျက်ပါတယ်ဘုရား)။

## ဒိဋ္ဌိဝိစိကိစ္ဆာသေတယ်

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ အကြောင်းနဲ့တကွ သိမ်း ဆည်းပြီးသကာလ၊ အပျက်ကိုမြင်တဲ့ပုဂ္ဂိုလ်များမှာ၊ ဒိဋ္ဌိ- ဝိစိကိစ္ဆာသေပြီးသကာလ ရှုနေတဲ့ ဝိပဿနာမဂ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘာသေပါလိမ့်. . . (ဒိဋ္ဌိဝိစိကိစ္ဆာ သေပါတယ် ဘုရား)၊ ရှုရင်းမတ္တာနဲ့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ရှိသေးရဲ့လား. . . (မရှိပါ ဘူးဘုရား)၊ ကျေနပ်ပါသလား. . . (ကျေနပ်ပါတယ်ဘုရား)။

အဲဒီ့ကဲ့သို့ ရှုလိုက်တဲ့အခါကျတော့ကိုးတဲ့၊ ဒကာ ဒကာမတွေ ဒီဝေဒနာကလေး သုခဝေဒနာလေးဟာ ချမ်းသာတဲ့ ဝေဒနာလေးဟာ ဖြစ်ပျက်တာပဲ၊ ဖြစ်ပျက်၊ ဖြစ်ပျက်လို့ ပါးစပ်က မပြည်ဘဲနဲ့ ရှုနေနေ ဒီဥစ္စာ ဒိဋ္ဌ၊ ဝိစိကိစ္ဆာ သေပြီးတော့ ရှုနေတာ. . . (မှန်ပါ့)။

ပျက်သင့်လို့ ပျက်တယ်. . . (မှန်ပါ့)၊ ပျက်သင့်လို့ကို သိတာသည် ဘာသေသတုံး. . . (ဒိဋ္ဌိ- ဝိစိကိစ္ဆာ) ဒီလိုမပြောနဲ့၊ ပျက်သင့်လို့လို့ သိရင် ဘာသေသတုံး. . . (ဝိစိကိစ္ဆာသေပါတယ်)။

ဝိစိကိစ္ဆာတင်သေတယ်၊ ပျက်သင့်လို့ကိုးဗျ. . . (မှန်ပါ)၊ ပျက်တယ်လို့သိရင်. . . (ဒိဋ္ဌိသေပါတယ်ဘုရား)။

ပျက်သင့်လို့လို့သိရင်. . . (ဝိစိကိစ္ဆာ)၊ အင်း. . . ပျက်တာသိလိုက်ရင်. . . (ဒိဋ္ဌိသေပါတယ်ဘုရား)။

## အကြောင်းသိနဲ့ အကျိုးသိ

အဲဒါ ပျက်သင့်လို့ဆိုတော့ အကြောင်းကိုသိတာ. . . (မှန်ပါ)၊ ပျက်တယ်ဆိုတာ အကျိုးသိ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ပျက်သင့်လို့ဆိုတာက. . . (အကြောင်းသိပါဘုရား)၊ ပျက်တယ်ဆိုတာက (အကျိုးသိပါဘုရား)။

အဲဒီကဲ့သို့ ဩော်. . . ပျက်သင့်လို့ ပျက်တာပဲလို့ ခန္ဓာထဲမှာ ပိုင်ပိုင်နိုင်နိုင်သာရှု. . . (မှန်ပါ)။

## သုခပေါ် လည်းဖြစ်ပျက်ရှု

သုခဝေဒနာလေး ပေါ်လည်း ဖြစ်ပျက်ရှု. . . (မှန်ပါ့)၊ ဘာပြုလို့တုံး ပျက်သင့်လို့ပျက်တာ. . . (မှန်ပါ)၊ ပျက်သင့်လို့သိရင်. . . (ဝိစိကိစ္ဆာ) ပျက်တာသိရင်. . . (ဒိဋ္ဌိသေပါတယ်ဘုရား)။

ဩော်. . . ပျက်သင့်တယ်လို့ဆိုလို့ရှိရင်ဖြင့် မောင်နိုင်ရအကြောင်းကို သိမ်းဆည်းသိတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ပျက်သင့်လို့ဆိုတာ ဘာသိတာပါလိမ့်. . . (အကြောင်းသိတာပါဘုရား)၊ ပျက်တယ်လို့သိတာက. . . (အကျိုးသိတာပါဘုရား)၊ အကျိုးပျက်တာကို သိတာ. . . (မှန်ပါ)။

ပျက်သင့်လို့ကိုသိတုန်းက ဘာသေတုံး. . . (ဝိစိကိစ္ဆာသေ ပါတယ်ဘုရား)၊ ပျက်တယ်လို့သိတော့. . . (ဒိဋ္ဌိသေပါတယ်ဘုရား)၊ ဒါကို ကွဲအောင် ခင်ဗျားတို့ အရေးကြီးနေတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ပျက်သင့်လို့လို့သိရင်. . . (ဝိစိကိစ္ဆာသေပါတယ် ဘုရား)၊ ပျက်တာကိုသိလိုက်ရင်. . . (ဒိဋ္ဌိသေပါတယ်ဘုရား)။

အဲတော့ ပျက်သင့်လို့ ပျက်တာပဲလို့ ခင်ဗျားတို့ လောကီစကား သုံးကြပြောသော်လည်း ခုလောက် မထိမိသေး ဘူး. . . (မှန်ပါ့)၊ ထိမိကြရဲ့လား. . . (မထိမိပါဘူးဘုရား)။

ခုတော့ အကြောင်းကိုက ပျက်တဲ့တရား၊ ပျက်တဲ့တရား အပေါ် မှီနေတဲ့တရား မပျက်ချင်ပါဘူးဆိုလို့. . . (မရပါဘူး ဘုရား)။

## တုံးပေါ်မှာပေါက်တဲ့မှို

တုံးပေါ်ပေါက်တဲ့မှိုဟာ တုံးဆွေးတဲ့အခါ၊ ဩော်. . . မှိုချည့်ကျန်ရစ်ဦးမှာလား. . . (မကျန်ရစ်ပါဘူးဘုရား)၊ မှိုလည်း ပျက်ရမယ်. . . (မှန်ပါ)။

ဘာကြောင့်၊ တုံးကိုက အဆွေးပျက်ကိုး. . . (မှန်ပါ့)၊ သဘောကျပလား. . . (မှန်ပါ)၊ တုံးကိုက အဆွေးပျက်ဖြစ်ပြီး သကာလနေတော့ မှိုဟာက ကျုပ်ချည့်နေရစ်ဦးမယ်ဆိုလို့တော့ . . . (မရပါဘူးဘုရား)။

ဒါဖြင့် တုံးက အကြောင်း၊ မှိုက အကျိုး. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ ပါတယ်ဘုရား)၊ တုံးက ဘာတဲ့ . . . (အကြောင်းပါဘုရား)၊ မှိုက ဘာတဲ့. . . (အကျိုးပါ ဘုရား)။

တုံးပျက်လို့ မှိုပျက်တဲ့ဥစ္စာ၊ မှိုပျက်သွားတာ၊ မှိုပျောက်သွားတာ ခင်ဗျားတို့က အင်း. . . အံ့အားများသင့်ချင်သေးသလား. . . (မသင့်ချင်ပါဘူးဘုရား)။

ဘယ် အံ့အားသင့်ချင်ပါ့မလဲ အကြောင်းကိုက ဘာတုံး . . . (အပျက်ပါဘုရား)၊ အပျက်ပေါ်မှာ မှီပြီးသကာလနေတဲ့ အပျက်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ပျက်သင့်လို့ကိုသိရင်. . . (ဝိစိကိစ္ဆာ သေပါတယ်)၊ ပျက်တာကိုသိရင်. . . (ဒိဋ္ဌိသေပါတယ်ဘုရား)၊ ဪ . . . ပျက်သင့်လို့ပဲဆိုတဲ့ဟာက ဝိစိကိစ္ဆာသေနေတာ မောင်နိုင် . . . (မှန်ပါ့)၊ ပျက်သွားတဲ့အခါကျတော့. . . (ဒိဋ္ဌိသေပါတယ်ဘုရား)။

## ငါ့ဥစ္စာမဟုတ်လို့ပျက်သွားတာ

ငါ ငါ့ဥစ္စာ မဟုတ်လို့ ပျက်သွားတာ. . . (မှန်ပါ)၊ ပျက်သင့်လို့ဆိုတာက အကြောင်းသိလို့ သဘောကျပလား. . . (ကျပါတယ်ဘုရား)၊ ပျက်တယ်လို့ သိတာက. . . (အကျိုးသိတာပါဘုရား)။

အသေအချာရှင်းပါ၊ ရမ်းဖြေလို့မရဘူး။ သေသေချာချာရှင်းရတယ်။ ပျက်သင့်လို့ဆိုတာ ဘာသိတာတုံး. . . (အကြောင်းသိတာပါဘုရား)၊ အကြောင်းသိတာနော်၊

အကြောင်းသိကတည်းက ဝိစိကိစ္ဆာက. . . (သေပါပြီဘုရား)။

ပျက်တာလေးမြင်လိုက်ပြီ. . . (ဒိဋ္ဌိသေပါတယ်)၊ ပျက်ပြီးဘာသေတုံး. . . (ဒိဋ္ဌိသေပါတယ်ဘုရား)။

ပျက်သင့်လို့လို့သိရင် အကြောင်းသိ. . . (မှန်ပါ့)၊ အကြောင်းသိတော့ ဘာသေတုံး. . . (ဝိစိကိစ္ဆာသေပါတယ်ဘုရား)၊ ပျက်တာကိုမြင်လိုက်ပါပြီ. . . (အကျိုးသိပါဘုရား)။

အကျိုးလည်းသိတယ်၊ ဒိဋ္ဌိလည်းသေတယ်၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိနဲ့ မပြီးဘူး၊ ပညာလိုက်ပါဦးဆိုတဲ့နေရာမှာ မောင်နိုင် ဒါ ထည့်တယ်. . . (မှန်ပါ့)။

## ပျက်သင့်လို့ပျက်တာသိမှ

ဝေဒနာပေါ်တာ ပေါ်နေပြီ ပေါ်နေပြီလို့သိရင် သတိ၊ ပျက်သင့်လို့ပျက်တာသိမှ သမ္မဇည. . . (မှန်ပါ)၊ သတိနဲ့ သမ္မဇည ကွဲပလား. . . (ကွဲပါပြီဘုရား)။

ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိနေတာ ဘာဆိုကြမတုံး . . . (သတိပါဘုရား)၊ ပျက်သင့်လို့ပျက်တာသိတာက. . . (သမ္မဇညပါဘုရား)။

ဒါဖြင့် ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိတာက ဘာပါငဲမ်. . (သတိပါဘုရား)၊ ပျက်သင့်လို့ပျက်တာပဲလို့ သိတာက

. . . (သမ္မဇည)၊ အဲ. . . သတိ သမ္မဇညဆိုတာ ဒါပါပဲ. . . (မှန်ပါ့)။

ခင်ဗျားတို့ကတော့ လုံးပြီးပြောတာပေါ့လေ. . . (မှန်ပါ့)။ သတိ သမ္မဇညရှိဖို့ အရေးကြီးတယ်၊ သတိ သမ္မဇညရှိဖို့ အရေးကြီးတယ်လို့ ပြောနေကြငြားသော်လည်း ခွဲမသိဘူးတဲ့ . . . (မှန်ပါ)။

## ဂီလာနရဟာန်းကို ဟောနေတာ

ခုတော့ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကခွဲ သိဖို့ အဓိပ္ပာယ်ကို ဂီလာနရဟာန်းကို ဟောနေတာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘယ်သူဟောပါလိမ့်. . . (ဂီလာနရဟာန်းကို ဟောတာပါဘုရား)၊ ပြန်ပြောတယ် ဒကာ ဒကာမတို့၊ ဟောဒါ ကိုယ့်ကိုယ်ဆိုတာ တစ်ကိုယ်လုံးပေါ့ဗျာ. . . (မှန်ပါ)။

## ကိုယ့်ကိုယ်က အနိစ္စ

ဝမ်းထဲလည်းကိုယ်ပဲ. . . (မှန်ပါ)၊ အဲဒီကိုယ်ပေါ်မှာ တစ်ခါတလေကျတော့ ဝမ်းထဲက နာတယ်ဆိုလို့ရှိရင် ဝမ်းထဲက ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာပေါ်တာပဲ. . . (မှန်ပါ့)။

ခေါင်းထဲက ကိုက်တယ်ဆိုရင်ကော. . . ခေါင်းမှာ ဒုက္ခ

ဝေဒနာပေါ်တာပဲ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါတယ် ဘုရား)။

ကျောထဲက ယားတယ်ဆိုရင်ကော. . . (ကျောမှာ ဒုက္ခဝေဒနာပေါ်တာပါဘုရား)၊ ကိုယ်ပေါ်မှ လွတ်တာပါသေး ရဲ့လား. . . (မပါပါဘူးဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်က အနိစ္စမို့ ဒုက္ခဝေဒနာလည်း. . . (အနိစ္စပါဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒီလို ရှုလို့ရှိရင်ဖြင့်တဲ့၊ ကြော်. . . ပျက်သင့်လို့ ပျက် တယ်ဆိုတာ လာပါတယ်. . . (မှန်ပါ့)၊ မလာသေးဘူးလား. . (လာပါတယ်ဘုရား)၊ ကိုယ့်ကိုယ်က ဘာတရားပါလိမ့်. . . (အနိစ္စတရားပါဘုရား)။

အနိစ္စတရား၊ အနိစ္စအပေါ်မှာ ပေါ်နေရတဲ့တရားကို ဘယ့်နှယ်ဆိုကြမတုံး. . . (အနိစ္စတရားပါဘုရား)။

ဘုရား ပြို့သွားတယ်၊ ထီးချည့်ကျန်နေရစ်တယ်လို့ တော့ မရှိပါဘူး. . . (မှန်ပါ့)၊ ရှိပါ့မလား. . . (မရှိပါဘူးဘုရား)၊ ဘုရားပြို့သွားတယ်၊ ထီးချည့် ကျန်နေရစ်တယ်ဆိုတာတော့. . (မရှိပါဘူးဘုရား)။

## ဘုရားပြို့ရင်၊ ထီးလည်းကျမှာပဲ

ဘုရားမှီနေတဲ့ထီးကို. . . (မှန်ပါ)၊ ဘုရားပြို့ရင်. . . (ထီးကောပြိုပါတယ်ဘုရား)၊ ထီးလည်း အောက်ကျရမှာပဲဆို တာ ဒကာ ဒကာမတွေ သံသယရှိသေးလား. . . (မရှိပါဘူး ဘုရား)။

အဲဒီအတိုင်းပါပဲ၊ ကိုယ်ပေါ်မှာမှီနေတဲ့ ဒုက္ခဝေဒနာ ဟာ ကိုယ်အနိစ္စမို့ ဒုက္ခဝေဒနာကော. . . (အနိစ္စပါဘုရား)။

အဲဒါ ဒကာ ဒကာမတို့ ဒုက္ခဝေဒနာရှုပြန်လို့ရှိရင်လည်း ပျက်သင့်လို့ ပျက်တာပဲ၊ ဒီလို ဉာဏ်ကလေးနဲ့ကြည့်ပေးပါ. . . (မှန်ပါ)။

ဘယ်လိုကြည့်ကြမယ်. . . (ပျက်သင့်လို့ပျက်ပါတယ် ဘုရား)၊ ပျက်သင့်လို့ပျက်တာပဲလို့ မောင်နိုင် ဟောဒီက မင်္ဂါး ပါးနဲ့ကြည့်ပေးပါ. . . (မှန်ပါ)။

ဒုက္ခဝေဒနာပေါ်တိုင်း ပေါ်တိုင်း ခေါင်းကိုက်တဲ့ ဝေဒနာကလေးလည်း ပျက်သင့်လို့ ပျက်တယ်လို့ ရှုပါ. . . (မှန်ပါ)။ ကျောပေါ်ယားတဲ့ ဝေဒနာလေးလည်း. . . (ပျက်သင့် လို့ ပျက်တာပါဘုရား)။

ဝမ်းထဲမှာ နှလုံးမသာယာခြင်း ဒေါမနဿ အကြီး အကျယ်ဖြစ်နေတာကော. . . (ပျက်သင့်လို့ ပျက်တာပါ ဘုရား)၊ ပျက်သင့်လို့ပျက်တာ၊ ကိုယ်ပေါ်မှာ မှီတာကို. . . (မှန်ပါ)။

ဟဒယဝတ္ထုပေါ် မှီတော့ ဟဒယဝတ္ထုကိုယ်ကလည်း အနိစ္စမို့ ဒီအပေါ်မှာပေါ်တဲ့ ဒေါမနဿကကော. . . (အနိစ္စပါဘုရား)၊ အဲ. . . ဒေါမနဿ ဆိုတဲ့ ဒုက္ခကလေ. . . (မှန်ပါ)၊ အနိစ္စပဲဆိုရင် လွဲပါ့မလား. . . (မလွဲပါဘူးဘုရား)။

## မဂ္ဂင်ငါးပါးနဲ့ရှု

ဒါက သမ္ပဇဉ ပါ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ဒုက္ခဝေဒနာကို ဤကဲ့သို့ ပျက်သင့်လို့ပျက်တယ်လို့ နောက်က မဂ္ဂင်ငါးပါးနဲ့ ရှုလိုက်ပြီဆိုမှဖြင့်၊ အင်း ပဋိဃာနုသယဆိုတဲ့ ဒေါသ လာသေးသလား. . . (မလာပါဘူးဘုရား)။

ဘယ့်နှယ်ကြောင့် မလာပါလိမ့် မောင်နိုင်. . . (ပျက်သင့်လို့ပါဘုရား)၊ ပျက်သင့်လို့ ပျက်တယ်ဆိုတဲ့ မဂ္ဂင်ငါးပါးက ရှုတယ်. . . (မှန်ပါ).

မဂ္ဂင်ငါးပါးထဲမှာ ဘယ်လိုရှုပါလိမ့်၊ ပျက်သင့်လို့ ပျက်တယ်ဆိုတာ မဂ္ဂင်ငါးပါးက သိတယ်. . . (မှန်ပါ့)၊ မပျက်သင့်ဘဲနဲ့ ပျက်တာမဟုတ်ပါဘူး. . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်. . . (ပျက်သင့်လို့ပျက်တာပါဘုရား)၊ ပျက်သင့်လို့ ပျက်တယ်လို့ မမှတ်ထိုက်ဘူးလား. . . (မှတ်ထိုက်ပါတယ်ဘုရား)။

အဲဒီကဲ့သို့မှတ်တော့ ပျက်သင့်လို့ သိတော့ ဘာသေသတုံး. . . (ဝိစိကိစ္ဆာပါဘုရား)၊ ပျက်တာသိတော့. . . (ဒိဋ္ဌိသေပါတယ်ဘုရား)၊ ဂီလာနသုတ်ကျတော့ ဒီလိုဟောတယ်. . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

## ဘုရားက လူမမာကိုဟောတာ

ဒါ ဘယ်သုတ်မှာ ဟောတာပါလိမ့်. . . (ဂီလာနသုတ်ပါဘုရား)၊ ဂီလာန လူမမာကိုဟောတဲ့နေရာမှာ၊ ဘုရားက သမ္ပဇည ဆိုတာ ဒါကွ. . . (မှန်ပါ)။

သတိကတော့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိတာက . . . (သတိပါဘုရား)၊ ပျက်သင့်လို့ ပျက်တယ်လို့သိတာက. . (သမ္ပဇည) သမ္ပဇည သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အင်း. . . ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သိတာက . . . (သတိပါဘုရား)၊ ပျက်သင့်လို့ပျက်တယ်လို့ သိတာက . . . (သမ္ပဇညပါဘုရား) သမ္ပဇညဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ မကျန်းမာတဲ့အခါ ဒေါမနဿဖြစ်တဲ့အခါမှာလည်းတဲ့ သူ့ကိုရှုရမယ်. . . (မှန်ပါ)၊ ဩော်. . . ပျက်သင့်လို့ ပျက်တာပဲလို့ နောက်က မဂ္ဂင် (၅)ပါးနဲ့ ရှု ရှုပေးရမယ်. . . (မှန်ပါ့)။

ဖြစ်ပျက်ကလေး ရှုပေးပါ. . . (မှန်ပါ)၊ ရှုတော့ကို ဒကာ ဒကာမတွေ မပြားစီပါနဲ့၊ စကားသာ ထူးအောင်ပြော တာပါ. . . (မှန်ပါ)၊ ရှုတော့ ခင်ဗျားတို့ ဖြစ်ပျက်ပဲ ရှုတာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ရှုတော့ ဘာရှုရမတုံး. . (ဖြစ်ပျက်ပဲ ရှုရမှာပါဘုရား)။ အင်း. . . ရှုတော့ ဖြစ်ပျက်ပဲရှုပါတဲ့၊ သို့သော်လည်း ဒကာ ဒကာမတွေက ဘယ့်နှယ်ကြောင့်များ ပျက်ပါလိမ့်မလဲများလာ တဲ့အချိန်၊ တစ်ခါတလေကြားထိုးလာတော့ ဝိစိကိစ္ဆာလာချင် လာမယ်. . . (မှန်ပါ့)။

## အကြောင်းပျက်လို့ အကျိုးပျက်တာ

ဩော်. . . ပျက်သင့်လို့ပျက်တာပဲ၊ အကြောင်းကိုက အနိစ္စမို့ အကျိုးက. . . (အနိစ္စပါဘုရား)၊ ဒါ သံသယဝင်လာရင် ဒါလေးနဲ့ဖြေလိုက်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သံသယဝင်လာရင် ဒါနဲ့ဖြေလိုက်၊ ပျက်သင့်လို့ (ပျက် တာ)၊ အေး. . . အကြောင်းပျက်လို့. . . (အကျိုးပျက်တာပါ ဘုရား)။ ဩော်. . . ဒီလိုဆိုတော့ သမ္မာဉာဏ ရှုနည်းဟာ ကိုက် တယ်. . . (မှန်ပါ)။

ကဲ. . . ပြန်မေးတယ် ဒကာ ဒကာမတို့ ဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း သိရင် ဘာဆိုကြမယ် . . . (သတိပါ

ဘုရား) ပျက်သင့်လို့ ပျက်တာလေးကို ဉာဏ်ထဲရှင်းနေရင် . . . (သမ္မဇညပါဘုရား) သမ္မဇည။

သမ္မဇည ဆိုတာ ပညာ (မှန်ပါ့) . . . သတိက သတိစေတသိက်၊ သမ္မဇညက ပညာစေတသိက် မကွာဘူးလား . . . (ကွာပါတယ်ဘုရား)။

သတိက . . . (သတိစေတသိက်ပါဘုရား) ပညာက . . . (ပညာစေတသိက်ပါဘုရား) သတိက သတိပဲရှိတယ် . . . (မှန်ပါ)။

ဪ . . . ဝေဒနာပေါ်တိုင်း ပေါ်တိုင်း သတိထားလို့ ဝေဒနာပေါ်တိုင်း ပေါ်တိုင်းသိတာပဲ . . . (မှန်ပါ့) ပျက်သင့်လို့ ပျက်တာလို့ သတိက ဒီလိုမရှုဘူး။

ဘယ်သူက ရှုနိုင်ပါလိမ့် . . . (ပညာက ရှုနိုင်ပါတယ် ဘုရား) သမ္မဇည ဆိုတဲ့ပညာကမှ ရှုနိုင်တယ်တဲ့၊ ဒီနေ့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အင်း ဒါဖြင့် ဒကာဒကာမတွေ ဘုန်းကြီးက ပော့၊ ကမ္မဋ္ဌာန်း ကျောင်းမှာ ရှုကြပော့၊ ရှုကြပော့၊ ဒကာတွေလည်း ရှုကြပော့ ရှုကြပော့ အပျက်ကလေးတွေ့တယ်ဘုရား။

## ဘယ့်နှယ်ကြောင့် ပျက်ပါလိမ့်

အေး-အပျက်ကလေးတွေ့လို့ရှိရင်ဖြင့်ကွာ နေရာကျပြီ၊ ဖြစ်ပျက်ကလေးတွေ တွေ့ပြီ ဖြစ်ပြီးပျက်တာကလေးတွေ တွေ့တွေ့ အပျက်ကလေးတွေပဲ တွေ့တွေ့ တွေ့ချင်တာတွေ ဘယ့်နှယ်ကြောင့် ပျက်ပါလိမ့်မတုံး လာတဲ့အချိန်မှာ ဒါလေး ဖြည့်စွက်လိုက် . . . (မှန်ပါ့)။

ပျက်သင့်လို့ . . . (ပျက်တာပါဘုရား) ဘာပြုလို့ အကြောင်းကိုက အနိစ္စမို့ . . . (အကျိုးဟာ အနိစ္စပါ ဘုရား) မှီရာက အနိစ္စမို့ မှီတတ်တဲ့တရားဟာ . . . (အနိစ္စပါဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဒီလို သမ္မာဉာဏ်လေးနဲ့ သွင်းရှုလိုက်မယ်ဆိုလို့ရှိရင်ဖြင့် ကွာတဲ့ သာလို့ပင် နေရာကျတယ်၊ ဘယ်လိုနေရာကျသတုံးကို ငါဘုရား ဟောပြမယ်ကွာဆိုတော့၊ ဒီဒုက္ခဝေဒနာလေးဟာ ကိုယ်ပေါ်မှာ မပေါ်လား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒီ ဒုက္ခဝေဒနာလေးဟာ ပျက်သင့်တော့ ဖျတ်ဆို ပျက်မသွားဘူးလား. . . (ပျက်သွားပါတယ်ဘုရား) ပျက်သွားတဲ့ အခါကျတော့ကို ပျက်တာလေးကို ဒီကနေပြီး ဒကာ ဒကာမ တွေက မဂ္ဂင်နဲ့ မမြင်လိုက်ရဘူးလား. . . (မြင်လိုက်ရပါတယ် ဘုရား)။

## မဂ္ဂင်ကဝင်ပြီးမြင်လိုက်တယ်

အင်း. . . ဤကဲ့သို့ မြင်လိုက်တဲ့အခါကျတော့၊ အင်း မဂ္ဂင်က ဝင်ပြီးမြင်လိုက်တဲ့အတွက်တဲ့၊ ဒုက္ခဝေဒနာနောက်က ကျုပ်မကျေနပ်နိုင်ပါဘူးဆိုတဲ့ ဒေါသတို့ သောကတို့ လိုက်သေးရဲ့လား. . . (မလိုက်ပါဘူးဘုရား)။

ဩော် . . . **ဒေါသပဋိဃ** ဆိုတဲ့ အနုသယလို့ ဟောတော့ **ပဋိဃာနုသယ** လိုက်သေးရဲ့လား. . . (မလိုက်ပါဘူးဘုရား)။

သမ္မာဒိဋ္ဌိ က ဒါသတ်တာ . . . (မှန်ပါ) ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။ **သမ္မာဒိဋ္ဌိ** ကတော့ . . (သတ်နိုင်ပါတယ်ဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာပေါ်လာလို့ရှိရင်လည်း ပျက်သင့်လို့ပျက်တယ်၊ ဖြစ်ပျက်ကလေးရှုတိုင်းရှုတိုင်း ဩော်. . . ဒီဥစ္စာလေးဟာ ပျက်ပြီပျက်ပြီလို့သာရှုနေ. . . (မှန်ပ့ါ)။

ဘယ့်နှယ်ကြောင့် ပျက်ပါလိမ့်မတုံးလာတဲ့အခါ ပျက်သင့် လို့ ပျက်တယ်သာရှု. . . (မှန်ပ့ါ) အကြောင်းကိုက ပျက်တဲ့ တရားမို့. . . (အကျိုးကလည်း ပျက်ပါတယ်ဘုရား)။

ဖြစ်ပေါ်တဲ့ အကျိုးကလည်း ပျက်ရတယ်ဆိုတော့ ရှင်းမသွားဘူးလား. . . (ရှင်းပါတယ်ဘုရား) ဒါဖြင့် ဒီရှုနည်း

သည် ဒကာ ဒကာမတို့ ဘာရှုနည်းတုံးလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)။

## သောတာပန်ရှုနည်း

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာသတ်ပြီးရှုတဲ့ ရှုနည်းဖြစ်သောကြောင့် သောတာပန်ရှုနည်း. . . (မှန်ပါ)။

ဘယ်သူ ရှုနည်းပါလိမ့်. . . (သောတာပန်ရှုနည်းပါဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ဒီလိုရှုလိုက်လို့ရှိရင်ဖြင့်၊ သောတာပန်ရှုနည်းဖြင့် ဒီပုဂ္ဂိုလ်ဟာ သောတာပန် ငယ် မဖြစ်သေးတောင် သောတာပန်မျိုးစေ့ ဖြစ်တယ်. . . (မှန်ပါ)။

ဆိုနိုင်ပလား. . . (ဆိုနိုင်ပါတယ်ဘုရား) သောတာပန်မျိုးစေ့ဖြစ်ပြီလို့ ဦးခန့်တို့ ဦးဘကလေးတို့ ဆိုနိုင်ကြပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်လို့ရှိရင် ဒါရင့်သွားလို့ရှိရင် သောတာပန်လေးက သောတာပန်ကြီးဖြစ်ရမယ်. . . (မှန်ပါ) မဖြစ်နိုင်ဘူးလား. . . (ဖြစ်နိုင်ပါတယ်ဘုရား) ကောင်းကောင်းသဘောပါပလား . . . (ပါပါပြီဘုရား)။

ဒါဖြင့် မောင်နိုင်- ဒုက္ခဝေဒနာလည်း ရှုတတ်ပလား . . . (ရှုတတ်ပါပြီဘုရား) ပျက်သင့်လို့. . . (ပျက်သွားတာပါဘုရား) ကိုယ်ရှုတာဖြင့် အဲဒါတွေ လိုက်မနေပါနဲ့။

## ပျက်ပြီလို့သိနေရင်ပြီးတာပဲ

ဩော်. . . ပျက်ပြီပျက်ပြီလို့ သိရင်ပြီးတာပဲ. . . (မှန်ပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား) ပျက်ပြီပျက်ပြီလို့ သိနေရင် . . . (ပြီးတာပါပဲဘုရား)။

ပြီးတာပါပဲတဲ့၊ တကယ်လို့ ဆရာက မဟောထားလို့ ရှိရင်ခင်ဗျားတို့မှာ လာလိမ့်မယ်. . . (မှန်ပါ) အပျက်တွေက များလိုက်တာ၊ ဘယ့်နှယ်ကြောင့် ဒီလောက်ပျက်ပါလိမ့် လာမယ်၊ မလာဘူးလား . . . (လာမှာပါဘုရား)။

အပျက်တွေက များလိုက်တာ ဘယ့်နှယ်ကြောင့် ဒီလောက်ပျက်ပါလိမ့်မတုံး၊ ဘယ့်နှယ်ကြောင့် ဒီလောက်ပျက်ပါလိမ့်မတုံး ဆိုကတည်းက အကြောင်း မသိမ်းဆည်းမိဘူး. . . (မှန်ပ့ါ)။

ဝိစိကိစ္ဆာပါပြီ. . . (မှန်ပ့ါ) ရှုတာ ရှင်းရှင်းလင်းလင်း ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား) ဘာပါနေသတုံး. . . (ဝိစိကိစ္ဆာပါနေပါတယ်ဘုရား) သံသယဝိစိကိစ္ဆာမပါဘူးလား . . . (ပါပါတယ်ဘုရား)။

အဲတော့ ဘုန်းကြီးက ရှင်းပေးလိုက်တယ်၊ ဘုရားက ရှင်းပေးလိုက်တယ်၊ အကြောင်းကိုက အနိစ္စမို့၊ မှိတဲ့အကျိုးကလေးကကော. . . (အနိစ္စပါဘုရား)။

ကိုယ့်ကိုယ်က အနိစ္စမို့ ကိုယ်ပေါ်မှာပေါ်တဲ့ မမာမကျန်းတဲ့ ဒုက္ခဝေဒနာလေး ဘာဆိုမယ်. . . (အနိစ္စပါဘုရား)။ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီလိုကြည့်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေ သမ္မဇဉ ပါတယ်. . . (မှန်ပါ)၊ ဘယ့်နှယ်ကြောင့် သမ္မဇဉ ပါတယ်လို့ ဆရာဘုန်းကြီးက ဟောရ၊ ဘုရားက ဟောရသတုံး ဆိုတော့ ကိုမြင့်တို့၊ မောင်နိုင်တို့က မေးလို့ရှိရင် ဝေဒနာပေါ်လို့ ဝေဒနာမှန်းသိတာက သတိပဲရှိတာပဲ. . . (မှန်ပါ)။

## သမ္မာဒိဋ္ဌိက ဝိစိကိစ္ဆာသတ်တယ်

ခုဟာကတော့ မဟုတ်ဘူးတဲ့၊ ပျက်သင့်လို့ လို့ သိကတည်းကိုက ဟောဒီထဲမှာ သမ္မာဒိဋ္ဌိမဂ္ဂင်က ပျက်သင့်လို့လို့ သူက ထွက်လာတာမို့လား. . . (မှန်ပါ)။

ဒီထဲက သမ္မာဒိဋ္ဌိက ဝိစိကိစ္ဆာသတ်တယ်. . . (မှန်ပါ)၊ မသတ်သေးဘူးလား. . . (သတ်ပါတယ်ဘုရား)။

## ပျက်တယ်ဆိုတော့ ဒိဋ္ဌိသတ်တယ်

ပျက်တယ်ဆိုကတည်းက ဒီမဂ္ဂင်ငါးပါးက ဒကာ ဒကာမတို့ ဒိဋ္ဌိသတ်တယ်. . . (မှန်ပါ)၊ မသတ်ဘူးလား. . . (သတ်ပါတယ်ဘုရား)၊ ဒါဖြင့် ပျက်သင့်လို့ဆိုကုန်းက မဂ္ဂင်းငါးပါးက ဝိစိကိစ္ဆာသတ်တယ်. . . (မှန်ပါ)။

ပျက်တာလေးမြင်လိုက်တဲ့အခါ. . . (ဒိဋ္ဌိသတ်ပါတယ်ဘုရား)၊ ဒိဋ္ဌိသတ်တယ်ဆိုတော့ ဒီမဂ္ဂင်ငါးပါးသည် ဒကာ ဒကာမတို့ ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ရင်း ရှုနေတာ. . . (မှန်ပါ)၊ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဘာကိုရှုနေတာပါလိမ့်. . . (ဒိဋ္ဌိဝိစိကိစ္ဆာသတ်ရင်း ရှုပါတယ်)၊ ဒိဋ္ဌိဝိစိကိစ္ဆာ သတ်ရင်း ရှုနေတာဆိုတော့ ဒကာ ဒကာမတို့ သံသယရှိဖို့ လိုသေးသလား. . . (မလိုပါဘူးဘုရား)၊ ကောင်းကောင်း ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက်ဆိုပြီး ရှုသာရှု ရှုသာရှုနေနော်၊ အင်း. . . ကိုယ်ပေါ်မှာ ခေါင်းကိုက်လည်း ဖြစ်ပျက်ပဲရှု၊ လည်နာရင်ကော. . . (ဖြစ်ပျက်ပဲရှုရမှာပါဘုရား)။

လေအောင့်ရင်ကော. . . (ဖြစ်ပျက်ပဲရှုရမှာပါဘုရား)၊ အင်း. . . ယားရင်ကော. . . (ဖြစ်ပျက်ပဲရှုရမှာပါဘုရား)၊ ဖြစ်ပျက်ပဲရှုနေပါ။ မနေနိုင်အောင်ဖြစ်နေတယ်ဆိုရင်ကော. . . (ဖြစ်ပျက်ပဲရှုရမှာပါဘုရား)။

အင်း. . . ဖြစ်တဲ့နေရာလေးကိုသာ ဒကာ ဒကာမတွေက ဖြစ်ပျက်ရှုနေ၊ ဒီလို ရှုပြီးသကာလနေတဲ့အခါကျတော့၊ ဒကာ ဒကာမတွေ သန္တာန်မှာ ရှင်းပြီးသကာလပြောပဲ့မယ်၊ ဖြစ်ပုံကလေးကို ခင်ဗျားတို့က ဝေဒနာက၊ ဝေဒနာဖြစ်ပျက် မရှုနိုင်လို့ရှိရင် မောင်နိုင်က စဉ်းစား။

ဝေဒနာက သိပ်နာတာပဲဘုရား၊ ဒါကြောင့် မခံမရပ်နိုင်အောင်ဖြစ်နေတယ်၊ မလာပေဘူးလား. . . (လာပါတယ်ဘုရား)၊ ဝေဒနာ နာလို့ မခံမရပ်နိုင်အောင်ဖြစ်နေတယ်ဆိုတဲ့ဒေါသ. . . (မှန်ပါ)။

## ဝေဒနာကြောင့် ဒေါသဖြစ်

ဒါဖြင့်. . . ဝေဒနာကြောင့် ဒကာ ဒကာမတွေဘာဖြစ် နေတုံးဆိုတော့ မခံမရပ်နိုင်တဲ့ ဒေါသဖြစ်နေတယ်။ ဝေဒနာ နောက်က သောက၊ ပရိဒေဝ မလိုက်ဘူးလား. . . (လိုက်ပါတယ် ဘုရား)။

ဒါဖြင့် ဝေဒနာက နာတာလား၊ သူ့ကုရတာ ဒေါသဒေါမနဿကုရတာက ခက်နေတာလား။

ဦးခန့်တို့ ပြောကြတယ်၊ သက်သာမှုရအောင် ခင်ဗျားဝေဒနာ ဘာမှမဖြစ်ဘူး၊ ကျပ် ဆေးတစ်ခွက်သောက်ရင် ပျောက်တယ်လို့ဆိုတော့၊ ဒီဝေဒနာ သေမယ်ထင်နေတာလေးဟာ၊ ခင်ဗျားက ဒီဝေဒနာ ဘာမှမဖြစ်လောက်ဘူးဆိုတော့၊ ဒီ ဒေါမနဿ ချုပ်လိုက်တော့ သက်သာသွားတာပေါ့ဗျ. . . (မှန်ပါ)။

ဒီမှာလည်း ခက်တာက သူ့ဒေါမနဿက ခက်နေတာလား. . . (ဒေါမနဿက ခက်နေတာပါဘုရား)၊ ရိပ်မိပလား. . (ရိပ်မိပါပြီဘုရား)။

## မြွေကိုက်တာလို့ပြော

ဝေဒနာက ခက်တာလား၊ ဒေါမနဿက ခက်တာလား . . . (ဒေါမနဿက ခက်တာပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ မယုံရင် တို့ကြည့်တဲ့၊ ခင်ဗျားတို့ သမန်းမြက်ကလေး ရှကြည့်၊ အမှောင်ထဲမှာ ဘေးကလူကပြော မြွေကိုက်တာလို့သာပြော၊ ဟောဒီလူဟာ အသေအချာကြောက်တယ် . . . (မှန်ပါ့)။

ဘာပြုလို့တုံး ဝေဒနာကြောင့်လား၊ ဒေါမနဿကြောင့်လား . . (ဒေါမနဿကြောင့်ပါဘုရား)၊ မင်းဟာ သမန်းမြက်ကွ မင်းမြွေဆိပ်ကို လုံးဝမရှိဘူးဆိုရင် ထထိုင်တယ် . . . (မှန်ပါ့)။

မထိုင်ဘူးလား ထိုင်လား . . . (ထိုင်ပါတယ်ဘုရား)၊ ဒါကြောင့် ဝေဒနာက ခက်တာလား၊ သူ့နောက်ကလိုက်တဲ့ ဒေါသ သတ္တိက ခက်တာလား . . (ဒေါသ သတ္တိကခက်တာပါဘုရား)။

ဝေဒနာဟာ အလွယ်လေးရယ် . . . (မှန်ပါ)၊ ဘာခက်နေတုံး . . . (ဒေါသခက်နေပါတယ်ဘုရား)၊ ဒါကြောင့် ဘုရားက အဲဒီလို မင်းတို့ အကြောင်းပျက်လို့ အကျိုးပျက်တယ်လို့ ရှုလိုက်လို့ရှိရင် ဒီက မဖြစ်ဘူးကွ။

အနိစ္စသာ တွေ့တော့တယ်တဲ့၊ ဒီက ဒေါမနဿက ချုပ်တယ် . . . (မှန်ပါ့)၊ သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဖြစ်ပျက်ရှုတဲ့ ပုဂ္ဂိုလ်မှာ **ဒေါမနဿ ပဋိဃ** လိုက်ရဲ့လား . . . (မလိုက်ပါဘူးဘုရား)၊ ရှင်းပြီးနော် . . . (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်သာတွဲနေပါစေ

ကောင်းပြီ ဒါဖြင့် ဖြစ်ပျက် မဂ်၊ ဖြစ်ပျက်မဂ်၊ ဒါသာ တွဲနေပစေ။ ဒကာ ဒကာမတွေရှုတဲ့အခါကျတော့. . . (မှန်ပါ့)၊ ဒီက ဖြစ်ပျက် ဒီကဖြစ်ပျက်သိတာ. . . (မှန်ပါ)။

ဒီ အာရုံက ဘာတုံး. . . (ဖြစ်ပျက်ပါဘုရား)၊ အင်း. . . ရှုတာက. . . (မဂ်ပါဘုရား)၊ ဖြစ်ပျက်လို့သိတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အာရုံက ဘာပါလိမ့်. . . (ဖြစ်ပျက်ပါဘုရား)၊ အင်း. . . ရှုတာက. . . (ဖြစ်ပျက်သိတာပါဘုရား)၊ အင်း. . . ဖြစ်ပျက်လို့ သိတာ၊ အဲဒီဖြစ်ပျက်နဲ့ ဖြစ်ပျက်လို့သိတာနဲ့တင်ဆိုတော့၊ ဒီကြား ထဲမှာ မခံမရပ်နိုင်တာတွေ လာသေးသလား. . . (မလာတော့ပါဘူး ဘုရား)၊ သဘောပါကြပလား. . . (ပါပါတယ်ဘုရား)။

ဒါဖြင့် လူမမာ ကုခက်တာလား၊ သူ့အကုခတ်တာလား၊ သူ့စိတ် အကဲခတ်တာလား. . . (သူ့စိတ် အကဲခတ်တာပါ ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## စိတ်ကိုအရင်ကုပေးပါ

ဒါဖြင့် လူမမာဟာ ဘာမှမခက်ဘူး. . . (မှန်ပါ့)၊ သဘော ကျပလား. . . (ကျပါတယ်ဘုရား)၊ ဘာအကုခက် နေတာတုံး. . (စိတ်အကုခက်နေပါတယ်ဘုရား)၊ သူ့

ဒေါမနဿစိတ် အကုခက် နေတယ်၊ ဦးခန့် နားလည်လား. . . (နားလည်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ခင်ဗျားတို့ ဆရာလုပ်တဲ့ပုဂ္ဂိုလ်မှာ ဝေဒနာ အရင်မကုနဲ့၊ စိတ်ကို အရင်ကုပေး. . . (မှန်ပါ့)၊ ဝေဒနာခဏလေးကုရတယ်၊ ဝေဒနာ? ပေးလိုက်ရင် မပျောက်ဘူးလား. . . (ပျောက်ပါတယ်ဘုရား)။

သူ့စိတ်က သေမယ်ထင်နေတာလေးကို သေမယ်မထင်အောင် လုပ်ပစ်မှ၊ သေမယ်ထင်နေတဲ့ ဒေါမနဿလေး မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒါ အရင်ကု၊ ဒါ အရင်ကုလိုက်လို့ရှိရင် ခင်ဗျား ဒီဥစ္စာကုဖို့ အလွယ်လေးရယ်. . . (မှန်ပါ့)၊ သူ ရောက်နေတဲ့ ခေါင်းကိုက်၊ လေနာ၊ ရင်နာဟာလေ. . . (မှန်ပါ့)၊ မလွယ်ဘူးလား. . . (လွယ်ပါတယ်ဘုရား)။

## ဘုရားက လူမမာကိုကုတာ

အခု ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ ခင်ဗျားတို့ ဘုရားက ဂိလာနကို ကုတာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

မင်းကွာတဲ့ အကြောင်းပျက်လို့၊ ကိုယ်တည်းဟူသော အကြောင်းက အနိစ္စမို့၊ ကိုယ်ပေါ်မှာပေါ်တဲ့ မမာတဲ့ ဝေဒနာဟာလည်း အနိစ္စပါပဲလို့ မင်းရှုစမ်းပါ. . . (မှန်ပါ)။

အဲဒီလို ရှုလိုက်တော့ လူမမာမယ် ဒီဝေဒနာနဲ့ ဒီတောင်က တက်ပါ့မလားဆိုတဲ့ ဒေါမနဿ ရှိသေးလား. . . (မရှိပါဘူးဘုရား)၊ မရှိတော့ သေလည်း ဒေါမနဿ မပါဘူး . . . (မှန်ပါ)။

အနိစ္စ မဂ္ဂနဲ့သာ သေတယ်. . . (မှန်ပါ)၊ သဘောကျ ပလား. . . (ကျပါတယ်ဘုရား)၊ ဘာနဲ့သေတုံး. . . (အနိစ္စမဂ္ဂပါ ဘုရား)၊ အနိစ္စဉာဏ်နဲ့သေတယ်. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘာနဲ့သေတုံး. . . (အနိစ္စဉာဏ်နဲ့သေပါတယ်ဘုရား)၊ ဒီလိုမှ ဝိပဿနာဉာဏ် မပါဘူးဆိုတော့ ဒီဝေဒနာနဲ့ မသေဘူး၊ သူ့ ဒေါမနဿနဲ့သေတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဦးဘလေး ဘာနဲ့သေတုံး. . . (ဒေါမနဿနဲ့ သေပါတယ်ဘုရား)၊ ဒေါမနဿနဲ့သေတော့ ဒေါမနဿ၊ သောက၊ ပရိဒေဝ၊ အဝိဇ္ဇာ၊ ဇာတိ၊ ဇရာ၊ မရဏ ဟိုဘက် သံသရာ မရှည်သွားဘူး လား. . . (ရှည်သွားပါတယ်ဘုရား)။

## ဘုရားရဟန္တာများမှာတော့

ဒါကြောင့် ဒီနေ့ ပိုမိုပြီးရှင်းပေးပါ့မယ် ဒကာ ဒကာမတွေ နော်၊ ဘုရား, ရဟန္တာများမှာ ကိုယ်လည်းရှိတာပဲ၊ အနာဆိုတဲ့ ဒုက္ခဝေဒနာကော. . . (ရှိပါတယ်ဘုရား)၊ ရှိတယ်တဲ့။

ကိုယ်ရှိရင် ဒုက္ခဝေဒနာလည်းရှိရမယ်. . . (မှန်ပါ့)၊ သို့သော် ပုထုဇဉ်တွေလို နောက်က ဒေါမနဿ မလိုက်ဘူး. . . (မှန်ပါ့)၊ **ဒေါမနဿ ပဋိဃတွေ** လိုက်ပါသတဲ့လား. . . (မလိုက်ပါဘူးဘုရား)။

## ကာယိကဒုက္ခသာရှိတယ်

မလိုက်တဲ့အတွက် သူတို့မှာ **ကာယိက** ဒုက္ခသာရှိတယ်။ **စေတသိက** ဒုက္ခမရှိဘူး. . . (မှန်ပါ့)၊ စိတ်ထဲမှာပေါ်တဲ့ ဒုက္ခ. . . (မရှိပါဘူးဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကာယိက ဒုက္ခကော. . . (ရှိပါတယ်ဘုရား)၊ စေတသိကဒုက္ခတော့. . . (မရှိပါဘူးဘုရား)၊ အဲဒါကြောင့် သူတို့မှာ သံသရာစခန်းသိမ်းတယ်. . . (မှန်ပါ)။

## ပုထုဇဉ်များမှာတော့

ပုထုဇဉ်မှာ သံသရာစခန်းလည်တယ်ဆိုတာ ဒကာဒကာမတွေ အသေအချာမှတ်ပါ။ ကိုယ်ပေါ်မှာ ဒုက္ခ၊ ဝမ်းထဲမှာ ဒေါမနဿ အဲဒါကြောင့်သွားတာ။

ဒါဖြင့် ဝေဒနာက အပါယ်ချတာလား၊ ဝေဒနာနောက်က ဒေါမနဿက အပါယ်ချတာလား. . . (ဝေဒနာနောက်က ဒေါမနဿပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဝေဒနာလည်းရောက်၊ အပါယ် လည်းရောက်. . . (မှန်ပါ့)၊ ဘယ့်နှယ်ဖြစ်နေကြတုံး . . . (ဝေဒနာ လည်းရောက်၊ အပါယ်လည်းရောက်ပါဘုရား)။

ဒါဖြင့် ဒီလို ဝေဒနာနုပဿနာကို **သမ္မဇည** ပေးမယ့် ဆရာ မရှိဘဲနဲ့ သေသွားတဲ့ ဒကာ ဒကာမတွေ မောင်နိုင်တို့ ကိုမြင့်တို့ ဘယ်များသွားကြပါလိမ့်မတုံး. . . (အပါယ်သွားပါ တယ်ဘုရား)။

## ဒီနည်းမရရင် အပါယ်သွားမယ်

အကုန် အပါယ်သွား. . . (မှန်ပါ့)၊ ဒီနည်းကို မရဘူးဆို ရင် ဘယ့်နှယ်ဆိုကြမတုံး. . . (အပါယ်သွားပါဘုရား)၊ အကုန် အပါယ်သွားတယ် ဒကာ ဒကာမတို့ ဘယ်သူမှ တားလို့မရဘူး . . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို အရိယာဖြစ်တာ မဖြစ်တာ နောက်မှ ဝေဒနာ ကိုယ်ပေါ်မှာပေါ်တဲ့ ဝေဒနာကို အင်း. . . အကြောင်း ချက်လို့ အကျိုးပျက်တာပဲ ရှိပါစေ. . . (မှန်ပါ့)။

ရှုလို့ရှိရင် ဒီ ဒေါမနဿ လာသေးရဲ့လား. . . (မလာပါ ဘူးဘုရား)၊ ဒါဖြင့် သူသည် အနိစ္စဇောနဲ့ သေသွားလေရဲ့. . . (မှန်ပါ)၊ ဆိုနိုင်ပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

သူက ဖြစ်ပျက်၊ ဝိပဿနာမဂ်က အနိစ္စဇော၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဒီလိုသေသွားတော့ကိုး သူ သုဂတိပဲသွားရမယ်၊ မသွားရပေဘူးလား. . . (သွားရပါတယ်ဘုရား)။

## မဂ္ဂင်ရှစ်ပါးပြည့်သွားရင်နိဗ္ဗာန်

အကယ်၍ မဂ္ဂင်ရှစ်ပါး ပြည့်သွားလို့ရှိရင်လည်း ဒကာ ဒကာမတို့ နိဗ္ဗာန်ပဲသွားမယ်. . . (မှန်ပါ)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ- ဒါဖြင့် ပုထုဇဉ်နှင့် အရိယာ ဘာကွာတယ်ဆိုတာ ကော ယနေ့ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ပုထုဇဉ်က ကိုယ်ပေါ်မှာ ဒုက္ခ၊ ဝမ်းထဲက ဒေါမနဿ . . . (မှန်ပါ)၊ ဦးခန့် သွားပြီ၊ ကိုယ်ပေါ်မှာ. . . (ဒုက္ခ)၊ ဝမ်းထဲမှာ . . . (ဒေါမနဿ)။

## ကိုယ်ပေါ်က ဒုက္ခ၊ ဝမ်းထဲက မဂ္ဂ

အဲ. . . အရိယာကတော့ ကိုယ်ပေါ်မှာဒုက္ခ ဟုတ်လား၊ အင်း. . . ဝမ်းထဲက မဂ္ဂ၊ မကွာဘူးလား. . . (ကွာပါတယ်ဘုရား)၊ ကိုယ်ပေါ်မှာ. . . (ဒုက္ခ)၊ ဝမ်းထဲက. . . (မဂ္ဂ)၊ ဒီလိုသွားတယ် ဒေါမနဿ မဟုတ်ဘူး။

ကာယိကဒုက္ခသာရှိတယ်၊ စေတသိကဒုက္ခမရှိဘူးတဲ့၊ ကောင်းကောင်းပေါ်ကြပလား. . . (ပေါ်ပါတယ်ဘုရား)၊ လုပ်တတ်ကြပလား. . . (လုပ်တတ်ပါပြီဘုရား)။

ဒါဖြင့် ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာ ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ကြမတုံး. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)၊ ဖြစ်ပျက်ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်၊ ဘယ်သူ့သတ်တာပါလိမ့်မတုံးဆိုတော့၊ အို. . . ဒေါမနဿ သတ်တာ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ- အားလုံး ဒကာ ဒကာမတွေ နေရာကျပြီ. . . (ကျပါပြီဘုရား)၊ ဒါဖြင့် ဥပေက္ခာ သွားကြဦးစို့နော်၊ ဥပေက္ခာ သွားကြဦးစို့ဆိုတော့။

ဥပေက္ခာဆိုတာလည်း ဒါ ဥပေက္ခာ ဝေဒနာလို့ မှတ်တာပေါ့၊ ကိုယ်ပေါ်မှာပေါ်တာပဲတဲ့. . . (မှန်ပါ)၊ မျက်လုံးဆိုတာလည်း ကိုယ်ပဲ၊ နားဆိုတာကော. . . (ကိုယ်ပါပဲဘုရား)။

နှာခေါင်းဆိုတာကော. . . (ကိုယ်ပါဘုရား)၊ လျှာကော . . . (ကိုယ်ပါဘုရား)၊ အင်း. . . ဒကာ ဒကာမတို့ ဝမ်းထဲက ဟဒယဝတ္ထုပေါ်မှာကော. . . (ကိုယ်ပေါ်မှာပါဘုရား)၊ ကိုယ်ပဲဆိုကြပါစို့. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အနိစ္စပေါ်မှာမှီနေလို့ အနိစ္စဖြစ်တာ

အဲဒီအပေါ်မှာ ဥပေက္ခာဝေဒနာပေါ်မှာပဲ. . . (မှန်ပါ)၊ ပေါ်တဲ့အခါကျလို့ရှိရင် ကိုယ်ဟာ အနိစ္စမို့၊ ပေါ်တဲ့ဥပေက္ခာ ဝေဒနာကော. . . (အနိစ္စပါဘုရား)၊ သဘောကျပလား. . . (ကျ ပါတယ်ဘုရား)။

ဒါဖြင့် ပျက်သင့်လို့ ပျက်တာ. . . (မှန်ပါ)၊ အနိစ္စအပေါ် မှာ မှီနေလို့ အနိစ္စဖြစ်တာပဲ. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အနိစ္စပေါ်မှာမှီနေလို့. . . (အနိစ္စဖြစ်တာပါဘုရား)။ အနိစ္စဖြစ်တာ ကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)၊ အနိစ္စပေါ်မှာ မှီနေလို့ရှိရင် ဘာသေသတုံး. . . (ဝိစိကိစ္ဆာ သေပါတယ်ဘုရား)။

ဒါကြောင့် အနိစ္စ ဖြစ်တာပဲလို့ ဆုံးဖြတ်ချက်ချရင်. . . (ဒိဋ္ဌိသေပါတယ်ဘုရား)၊ ရှုနည်းကိုက ရှုလိုက်ကတည်းကိုက ဒကာ ဒကာမတို့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေပြီးသား. . . (မှန်ပါ)။

## သောတာပန်ဘာကြောင့်ဖြစ်တုံး

သောတာပန်ဘာကြောင့်ဖြစ်တုံး ဒိဋ္ဌိ ဝိစိကိစ္ဆာသေလို့ သောတာပန်ဖြစ်တာ. . . (မှန်ပါ)၊ ခင်ဗျားတို့လည်း ရှုဆဲမှာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ခု ဒီနေ့ပြောတဲ့နည်းဟာ မသေဘူးလား. . . (သေပါ တယ်ဘုရား)။

ပျက်သင့်လို့သိရင်. . . (ဝိစိကိစ္ဆာသေပါတယ်ဘုရား)။ ပျက်တာကိုသိရင်. . . (ဒိဋ္ဌိသေပါတယ်ဘုရား)၊ ပျက်သင့်လို့ လို့သိရင်. . . (ဝိစိကိစ္ဆာသေပါတယ်ဘုရား)၊အင်း. . . ပျက်တာကို သိရင်. . . (ဒိဋ္ဌိ သေပါတယ်ဘုရား)။

## ဖြစ်ပျက်ကိုပဲ ရှုပါ

အဲ- အဲတော့၊ ခင်ဗျားတို့ ရှုတော့ကို ဖြစ်ပျက်ကိုပဲ ရှုပါ လို့ ဆရာဘုန်းကြီးက ထပ်ပြန်တလဲလဲ သတိပေးတယ်. . . (မှန် ပါ့)။

သို့သော် ဘယ်နှယ်ကြောင့် ဒီဥစ္စာ ခဏခဏ ဖြစ်ပေါ် ပြီး ပျက်နေပါလိမ့်မတုံးဆိုတဲ့အခါကျတော့၊ ဩော်. . . ကိုယ် ကိုယ်က အနိစ္စမို့ ကိုယ်မှီတဲ့တရားက အနိစ္စဖြစ်တာပေါ့လို့ ခင် ဗျားတို့က ဆုံးဖြတ်ချက်ချလိုက်. . . (မှန်ပါ)၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ချတတ်ကြပလား. . . (ချတတ်ပါတယ်ဘုရား)၊ အဲဒီကဲ့ သို့ ချတတ်တော့ကိုး၊ ဩော်. . . ရှုရင်းမတ္တနဲ့ ဒိဋ္ဌိဝိစိကိစ္ဆာ သေ တယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြီ ဂီလာနကို မင်း ဒီလိုရှုတတ်ပလား၊ ပျက်သင့်လို့ ပျက် တယ်လို့ မင်းရှုတတ်ပလား။

သုခဝေဒနာလည်း ပျက်သင့်လို့ ပျက်တယ်၊ ဒုက္ခဝေဒနာလည်း . . . (ပျက်သင့်လို့ပျက်ပါတယ်ဘုရား)၊ ဥပေက္ခာဝေဒနာကော. . . (ပျက်သင့်လို့ပျက်ပါတယ်ဘုရား)။

အဲ. . . ဝေဒနာ သုံးပါးပဲရှိပါတယ် ဒကာ ဒကာမတို့ များများရှိပါရဲ့လား. . . (မရှိပါဘူးဘုရား)၊ အင်း ရှိတဲ့ဝေဒနာလည်း ဘယ်လိုပါလိမ့်. . . (ပျက်သင့်လို့ပျက်တာပါဘုရား)။

## ပျက်သင့်လို့ပျက်တာချည့်ပဲ

ပျက်သင့်လို့ ပျက်တာချည့်ပဲ၊ မပျက်သင့်ဘဲ ပျက်တာတစ်ခုမှ မပါဘူး. . . (မှန်ပါ)၊ ပါကြရဲ့လား. . . (မပါပါဘူးဘုရား)၊ ဘယ်လိုပါလိမ့်. . . (ပျက်သင့်လို့ပျက်တာပါဘုရား)၊ သေချာပြီနော်. . . (သေချာပါပြီဘုရား)။

ဒါ ဂီလာနရဟန်းကို ဘုရားက ဝေဒနာသံယုတ်မှာ ဟောနေတာ. . . (မှန်ပါ့)၊ ဝေဒနာသံယုတ်မှာ ဂီလာနရဟန်းကို ဟောနေတယ်ဆိုတာ အသေချာအမှတ်ပါ. . . (မှန်ပါ့)။

ပျက်သင့်လို့ ပျက်တာကို ဒါမှ **သမ္မာဉာဏ်**တဲ့. . . (မှန်ပါ့)၊ ဝေဒနာပေါ်တယ်လို့သိတာက သတိ. . . (မှန်ပါ့)၊ ပျက်သင့်လို့ ပျက်တယ်လို့သိရင်. . . (**သမ္မာဉာဏ်**)။

အဲ **သမ္မဇည** ဆိုတာ ပညာပါ. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေက ရှုလိုက်တော့ သတော ဘိက္ခဝေ ဘိက္ခု သမ္ပဇာနော ကာလံ ခယေယျ။

## ပညာဝင်အောင်လုပ်စမ်းပါ

**ဘိက္ခဝေ** = ရဟန်းတို့ **သတော** = သတိရှိသည်ဖြစ်၍၊ **ဘိက္ခု** = ရဟန်းသည် **သမ္ပဇာနော** = ပညာရှိသည်ဖြစ်၍၊ **ကာလံ** - ရှုတဲ့ကာလကို၊ **ခယေယျ** = မင်းတို့သည်ကားလို့ ဆိုရင်ဖြင့်တဲ့ ပညာနဲ့ရှုပြီးသကာလ နေကြစမ်းပါ၊ ပညာ ဝင်အောင် လုပ်စမ်းပါလို့ ပြောတယ် . . . (မှန်ပါ့)။

ရှုတဲ့အခါ ပညာဝင်အောင်လုပ်စမ်းပါ၊ သတိချည့် လုပ်မနေနဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ် ဘုရား) ရှုတဲ့အခါမှာ . . . (ပညာဝင်အောင် လုပ်ရမှာပါ ဘုရား)။

## သတိချည်းလုပ်မနေနဲ့

သတိချည့် . . . (လုပ်မနေရပါဘူးဘုရား) သတိချည့် လုပ်မနေနဲ့ကွတဲ့၊ ပညာလေးနဲ့ပါ လုပ်စမ်းပါ . . . (မှန်ပါ့) ခပေးသင့်ဘူးလား . . . (ပေးသင့်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ယနေ့တရားဟာ ခင်ဗျားတို့ အင်မတန် အဖိုးတန်တဲ့တရား . . . (မှန်ပါ့) ရှုရင်းဘာသေသတုံး . . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေပါတယ်ဘုရား)။

ရှုရင်းဘာပါသေသတုံး . . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သေပါတယ်) ဒိဋ္ဌိ ဝိစိကိစ္ဆာသေတယ် ကောင်းပြီ ရှုရင်းမတ္တနဲ့ ဘာသေသတုံး (ဒိဋ္ဌိဝိစိကိစ္ဆာသေပါတယ်ဘုရား)။

ကောင်းပြီ ဒါတင်မကသေးဘူး မောင်နိုင်ရဲ့ ရှုရင်းမတ္တနဲ့ ပျက်သင့်လို့ ပျက်တာကို ရှုနိုင်တဲ့ ဒကာဒကာမတွေသည် ဒိဋ္ဌိ ဝိစိကိစ္ဆာသေတယ်ဆိုတာ ဟောဒီမဂ်က သတ်တာ . . . (မှန်ပါ့) သဘောကျပလား (ကျပါတယ်ဘုရား)။

ဒီမဂ်ဝင်တဲ့အတွက် ဒါက ကိုယ်ပေါ်မှာ ဒါက သုခဝေဒနာလေး အပျက်ကို ဒီကမြင်တယ်ဆိုလို့ရှိရင် သူ့နောက်က လိုက်မယ့် တဏှာလည်း သေတယ် . . . (မှန်ပါ့)။

## လောဘ၊ ဒေါသ၊ မောဟ သေတယ်

ကိုယ်က ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာပေါ်တယ်၊ ဒါလေး ပျက်သင့်လို့ ပျက်တယ် ရှုရင်၊ သူ့နောက်က လိုက်တဲ့ ဒေါမနဿကော (သေပါတယ်ဘုရား)။

ဩော် . . . (၁) နံပါတ်တုန်းကတော့ လောဘသေခဲ့တယ် . . . (မှန်ပါ့) (၂) နံပါတ်ကျတော့ကော . . . (ဒေါမနဿ) ဒေါမနဿသေတယ်။

ကဲ တစ်ခါ ပျက်သင့်လို့ ပျက်တယ်လို့ ဉပေက္ခာဝေဒနာလေးကို ရှုလိုက်ပြန်တော့လည်း ဒီက အဝိဇ္ဇာသေတယ် . . . (မှန်ပါ့)။

ဒါဖြင့် လောဘ၊ ဒေါသ၊ မောဟပေါ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား) အလယ်မှာ ဘာသေသတုံး . . . (လောဘ၊ ဒေါသ၊ မောဟပါဘုရား)။

ဟောဒီ မဂ္ဂင်ပေါ်တဲ့ အခိုက်အတန့်မှာ မဂ္ဂင်နဲ့တွဲပြီး သကာလ ပြိုင်သေတာက ဒိဋ္ဌိ ဝိစိကိစ္ဆာ . . . (မှန်ပါ့) အလယ်မှာ သေတာက. . . (လောဘ၊ ဒေါသ၊ မောဟပါဘုရား)။

ကိုင်း ဒကာဒကာမတို့ ခင်ဗျားတို့ ကိစ္စကို ပြီးပြီ . . . (ပြီးပါပြီဘုရား) အလယ်မှာ သေတာက . . . (လောဘ၊ ဒေါသ၊ မောဟပါဘုရား)။

ဟောဒီ မဂ္ဂင်ပေါ်လာလို့ သူ့အောက်မှာ သေရတာက (ဒိဋ္ဌိ ဝိစိကိစ္ဆာ သေတာပါဘုရား) ဒိဋ္ဌိ ဝိစိကိစ္ဆာ အပါယ်သို သွားစေတတ်တဲ့ လောဘ၊ အပါယ်သို့ သွားစေတတ်တဲ့ ဒေါသ၊ အပါယ်သို့ သွားစေတတ်တဲ့ မောဟက (ကြားထဲမှာ ဝင်သေတယ် . . . (မှန်ပါ့)။

ကိုင်း ဒကာ ဒကာမတို့ ဘယ်လောက် အဖိုးတန်သတုံး (တန်ပါတယ်ဘုရား) ဒါ ဂီလာနဟောနေတာ . . . (မှန်ပါ့) အင်မတန် သဘောပါတယ်နော် . . . (ပါ ပါတယ်ဘုရား)။

## ကိလေသာငါးမျိုးသေတယ်

ကိလေသာ ဘယ်နှစ်မျိုးသေပါလိမ့်မလဲဆိုတော့ ငါးမျိုး သေတယ်ဘုရား . . . (မှန်ပါ့) ဒိဋ္ဌိကိလေသာ၊ ဝိစိကိစ္ဆာကိ လေသာ၊ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟ ကိလေသာ . . . (မှန်ပါ့)။

ဘယ်နှစ်မျိုးသေပါလိမ့် . . . (ငါးမျိုးသေပါတယ် ဘုရား) အင်း ဒကာဒကာမတို့ ပျက်သင့်လို့ ပျက်တယ်လို့ **သမ္မဒိဋ္ဌိ** ဆိုတဲ့ မဂ္ဂင်ငါးပါးသာ ထည့်ပေးစမ်းပါ . . . (မှန်ပါ့)။

သုခဝေဒနာ ရှုလို့ရှိရင်လည်း ဒကာဒကာမတို့ သုံးမျိုး သေတာပဲ . . . (မှန်ပါ) ဒုက္ခဝေဒနာရှုတော့ကော . . . (သုံးမျိုးပါဘုရား)။

သုံးမျိုးဆိုတော့ အလယ်သုံးနဲ့ ဒီက နှစ်နဲ့ပေါင်း . . . (ငါးပါဘုရား) မကိုက်ဘူးလား . . . (ကိုက်ပါတယ်ဘုရား) သဘောပါကြပလား . . . (ပါပါတယ်ဘုရား)။

## ဘယ်နေရာကျပါလား

သြော် . . . ဒါဖြင့် ဒို့ ဝိပဿနာရှုနေတဲ့ အလုပ်ဟာ ဘယ်နေရာကျပါလားလို့ ဆိုတဲ့ဥစ္စာ ဘုန်းကြီးက မပြောရ တော့ဘူး . . . (မှန်ပါ့)။

အလယ်သေကိုလည်း သိလိုက်တယ် . . . (မှန်ပါ့) မင်္ဂပေါ်လို့ မင်္ဂအောက်မှာ သေတာလည်း . . . (သိလိုက် ပါတယ်ဘုရား) မင်္ဂအောက်မှာ သေတာက ဘာတုံး . . . (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာပါဘုရား)။

ဒိဋ္ဌိ ဝိစိကိစ္ဆာ မင်္ဂကသတ်ပြီးသကာလ ထားတဲ့အတွက် လာခွင့်မရလို့ ဟုတ်လား၊ ပဋိစ္စသမုပ္ပါဒ် အစမပေါ်လာတာ လည်း ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

လောဘတည်းဟူသော ပဋိစ္စသမုပ္ပါဒ် အလယ် ကလည်း မစဘူး . . . (မစပါဘူးဘုရား) ဒေါသတည်းဟူသော ပဋိစ္စသမုပ္ပါဒ်က အဆုံးကလည်း မစဘူး . . . (မှန်ပါ့) မောဟ တည်းဟူသော ပဋိစ္စသမုပ္ပါဒ်က အစကလည်း . . . (မစပါဘူး ဘုရား)။

ကိုင်း ပဋိစ္စသမုပ္ပါဒ်ကလည်း ဘယ်နှစ်ချက်ပြတ်သတုံး . . . (သုံးချက်ပြတ်ပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါ ပြီဘုရား)။

ဩော် မောင်နိုင် သေပျော်ပြီဟေ့ . . . (မှန်ပါ့) အားလုံး ဒကာဒကာမတွေ မသေပျော်သေးဘူးလား (သေပျော် ပါပြီဘုရား)။

ကိလေသာ ဘယ်နှစ်မျိုးသေသတုံး ပေါင်းလိုက်စမ်း . . . (ငါးမျိုးသေပါတယ်ဘုရား) ကဲ လောဘ၊ ဒီကိလေသာ

ဟာ ဘယ်သွားမယ့် ကိလေသာတုံးလို့ မေးတဲ့အခါကျတော့ ဒကာဒကာမတို့ အပါယ်သွားစေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟက အလယ်မှာ သေတာ . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါတယ်ဘုရား)။

အင်း သောတာပန် ဘယ့်နှယ်ကြောင့် ဖြစ်ရပါလိမ့် မတုံး ဆိုတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်လို့ . . . (မှန်ပါ့) ဒါဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာလည်း မသေလား . . . (သေပါတယ်ဘုရား)။

လောဘ၊ ဒေါသ၊ မောဟကော. . . (သေပါတယ် ဘုရား) ကိုင်း ဒါဖြင့် ဒကာဒကာမတို့ ကိလေသာ ပေါင်းလိုက် တော့ ဘယ်နှစ်မျိုး သေပါလိမ့် . . . (ငါးမျိုးသေပါတယ်ဘုရား) နေရာကျပြီ။

ဒါ ဂီလာန ရဟန်းကို ဘုရားသခင် ကိုယ်တော်မြတ် ကြီး အကျယ်ချဲ့ပြီး ဟောတာ . . . (မှန်ပါ့) နောက်တော့ နိဂုံးချုပ်တယ် နိဂုံးချုပ်တယ် ဒကာဒကာမတို့။

## ဒီလိုနေရစ်ပါလို့လူမမာကိုမှာတယ်

မင်းကွာတဲ့ မင်းကိုလည်း သနားလို့ ငါကိုယ်တိုင်လည်း မင်းကို လူမမာအဖြစ်နဲ့ လာမေးတယ်၊ မင်းနေရစ်စရာ လေးတော့ ငါသတိပေးပရစေ။ ဒီလိုလုပ်ပြီး နေရစ်စမ်းပါဆို တာ သတိပေးတယ် သဘောကျပလား . . . (ကျပါတယ် ဘုရား)။

နေရစ်မှုလေး နည်းပေးတယ်နော် . . . (မှန်ပါ့) နေရစ်ဖို့လေး နည်းပေးတာက ဒီလိုကွာတဲ့၊ ဒီ ဥပမာမယ် ဒါက ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်တယ် အစက ပြန်လိုက်တာပေါ့နော် . . . (မှန်ပါ့)။

ကိုယ်ပေါ်မှာ ဘာပေါ်တုံး . . . (သုခဝေဒနာ ပေါ်ပါတယ်ဘုရား) အဲ-သုခဝေဒနာပေါ်တဲ့အခါကျတော့ ကွာတဲ့၊ ဝိသညျတောန် ပဇာနာတိ လုပ်လိုက်စမ်းပါတဲ့၊ သူ့နောက်က ဘဏှာမလာအောင် မင်းနေရစ်။

## ခဝဒနာနောက်က တဏှာမလာအောင်နေရစ်ပါ

ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်လို့ရှိရင်ဖြင့် အဲဒီသုခဝေဒနာနောက်က တဏှာမလာအောင် မင်းနေရစ် . . . (မှန်ပါ့) ဘုရားက သတိပေးလိုက်တယ်။

အဲတော့ မောင်နိုင်တို့၊ ကိုမြင့်တို့ နေတတ်ပလား . . . (နေတတ်ပါပြီဘုရား) ဘယ်လိုလုပ်နေမတုံး . . . (ဖြစ်ပျက်ရှုနေမှာပါဘုရား)။

ဖြစ်ပျက်ရှုနေတော့ ဒီတဏှာ ကြားခိုနိုင်သေးရဲ့လား . . . (မခိုနိုင်ပါဘူးဘုရား) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဖြစ်ပျက်ရှုနေတော့ . . . (တဏှာကြားမခိုနိုင်ပါဘူးဘုရား) ကိုင်း ဝိသညျတောန် ပဇာနာတိ။

**ဝိသညုတော** = တဏှာသိမ်းပြီးဖြစ်၍၊ **ပဇာနာတိ** = မင်း ဟောဒါလေးနဲ့ သိနေရစ်ပါ . . . (မှန်ပါ့) ငါခု သွားတော့မယ် မင်းနေရစ်ဖို့ ဒီလိုပါ၊ သဘောပါပလား . . . (ပါပါပြီဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကဲ တစ်ခါ၊ ကိုယ်ပေါ်မှာ မောင်နိုင်၊ ကိုမြင့် ဒုက္ခ ဝေဒနာ ပေါ်ပြန်ပြီ . . . (မှန်ပါ့) **ဝိသညုတောနံ ပဇာနာတိ** ပါဠိလိုပေါ့ကွာ . . . (မှန်ပါ့) ဒီလို နေရစ်စမ်းပါဆိုတော့၊ မင်းသည် ဒုက္ခဝေဒနာပေါ်တိုင်း ပေါ်တိုင်းလည်း ဒေါမနဿ ဟာ လာတတ်ပါတယ်ကွာ . . . ၊ ဘုရားကနော် . . . (မှန်ပါ့)။

## ဒေါမနဿမလာအောင်နေရစ်ပါ

အဲ့ဒါတွေ မလာဘဲနဲ့ မင်းနေရစ်ပါ . . . (မှန်ပါ့) ဦး ခန့် ဘယ်လောက်ပိုင်သတုံး . . . (ပိုင်ပါတယ်ဘုရား)၊ မလာအောင် နေရစ်စမ်းပါ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

အင်း ဒီကိုယ်ပေါ်မှာ လူမမာဆိုတော့ ဒုက္ခဝေဒနာ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား) အင်း နောက်က ဒေါမနဿ မလိုက်အောင် မင်းနေရစ်ပါ . . . (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မင်းနေရစ်ပါဆိုတော့ သူဘယ်လိုလုပ်နေရစ်မယ် ထင်တုံး . . . (ဖြစ်ပျက်ရှုနေမှာပါဘုရား) အင်း ဒုက္ခဝေဒနာကို ဘာလုပ်နေရစ်မတုံး . . . (ဖြစ်ပျက်ရှုနေမှာပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်ရှုပြီးနေရစ်ပါ

သုခဝေဒနာတုန်းကတော့ လောဘမလာအောင် နေရစ်ပါ . . . (မှန်ပါ) ဘယ်လိုနေရစ်ရမှာတုံး . . . (ဖြစ်ပျက်ရှုနေရမှာပါဘုရား) ဒုက္ခဝေဒနာပေါ်တဲ့အချိန်ကျလို့ရှိရင်လဲ ကွာတဲ့ . . . ဒေါသမလိုက်အောင် နေရစ်ပါဆိုတော့ . . . (ဖြစ်ပျက်ရှုနေရမှာပါဘုရား)။

ဖြစ်ပျက်ရှုနေမှ သူမလာမှာပဲ . . . (မှန်ပါ့) ကောင်းကောင်း သဘောပါပလား . . . (ပါပါတယ်ဘုရား)။

ကဲ ကိုယ်ပေါ်မှာ ဥပေက္ခာဝေဒနာပေါ်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ **ဝိသုဒ္ဓါတောန် ဝေဒယတိ** မင်းသည်ကားလို့ဆိုရင် ဝေဒနာမခံစားဘဲနဲ့ ဟောဒီမင်္ဂနဲ့သာ ခံစား . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဒီက အဝိဇ္ဇာနဲ့ မခံစားနဲ့ . . . (မှန်ပါ့) ဥပေက္ခာ ဝေဒနာ မရှုမိရင် အဝိဇ္ဇာလာမယ်မို့လား . . . (မှန်ပါ့) အဲတော့ ဥပေက္ခာဝေဒနာနဲ့ မခံစားနဲ့ကွ ဟောဒီမင်္ဂနဲ့သာ ခံစား သဘောကျပလား . . . (ကျပါတယ်ဘုရား)။

မဂ်နဲ့ခံစားဆိုတော့ မဂ်နဲ့ရှု . . . (မှန်ပါ့) မခိုင်းဘူးလား . . . (ခိုင်းပါတယ်ဘုရား) မဂ်နဲ့ရှုလို့ ခိုင်းလိုက်တဲ့အခါကျတော့ ဒါလေးက ဘာမြင်ကြမယ် ထင်တုံး . . . . (ဖြစ်ပျက်မြင်မှာပါ ဘုရား)။

## လောဘမလာအောင်နေရစ်ပါ

အင်း ဖြစ်ပျက်နဲ့ မဂ်ဆိုတော့ ဒီကြားထဲမှာ လောဘ မလာအောင် နေရစ်ကွ . . . (မှန်ပါ့) ဒေါသမလာအောင် . . . (နေရစ်ပါဘုရား) မောဟမလာအောင် . . . (နေရစ်ပါ ဘုရား)။

နေရစ်လို့ဆိုတော့ ရဟန်းလေးက ဒီအတိုင်းနေရစ်တယ် (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဘုရားက မေးပြီးသကာလ နေရစ်စရာ တရားက ဒီကြားထဲမှာ သုခနောက်က လောဘမလာစေနဲ့ . . . (မှန်ပါ့) ဒုက္ခဝေဒနာနောက်က . . . (ဒေါသမလာပါစေနဲ့ဘုရား)။

## မောဟမလာအောင်နေရစ်ပါ

အင်း . . . ဥပေက္ခာဝေဒနာနောက်က . . . (မောဟ မလာရပါဘုရား) မောဟ မလာစေနဲ့၊ မင်း ဒီလို နေရစ်လို့ ရှိရင်ဖြင့်ကွာတဲ့၊ ငါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ကျေနပ်ပါပြီ ဆိုပြီး

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကြွသွားတယ် . . . (မှန်ပါ့)။

ရဟန်းလေးက ဒီအတိုင်းနေရစ်တယ် ဝေဒနာသုံးမျိုးကတော့ လှည့်ရမှာကိုး . . . (မှန်ပါ့) မလှည့်ပေဘူးလား . . . (လှည့်ပါတယ်ဘုရား)။

ဘယ်၊ ဒုက္ခချည် ဘယ်ဟုတ်မလဲ၊ သုခချည်ကော . . . (မဟုတ်ပါဘူးဘုရား) ဥပေက္ခာချည်ကော . . . (မဟုတ်ပါဘူးဘုရား)။

## ကိုယ်ရှိရင် ဒီသုံးခုပေါ်မှာပဲ

မဟုတ်ပါဘူးတဲ့ ဒကာ ဒကာမတို့ အင်း ကျပန်းပေါ်ချင်သလို ပေါ်တာပါ . . . (မှန်ပါ့) မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား) အာရုံဒွါရ တိုက်သလို ကိုယ်ရှိရင် တော့ ဒီသုံးခုဟာ ဒကာဒကာမတို့ ကိုယ်ရှိနေလို့ ရှိရင်ဖြင့် မိုးစိုတဲ့အခါလည်း ပေါ်မှာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

နေပူတဲ့အခါကော . . . (ပေါ်မှာပါဘုရား) ဖုံတွေက သူ့အပေါ် ငြိတော့ကော . . . (ပေါ်မှာပါဘုရား)။

အင်း . . . ကိုယ်ရှိနေလို့ရှိရင် ဒကာဒကာမတို့ နေပူလည်း ပေါ်မှာပဲ၊ မိုးစိုလည်း ပေါ်မှာပဲ၊ ဖုံတင်လည်း ပေါ်မှာပဲ ခလုပ် တိုက်တာလည်း . . . (ပေါ်မှာပါဘုရား)။

ကိုယ်သာရှိနေမယ်ဆို ဒါတွေ မလာပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား) ဒါဖြင့် ကိုယ်ရှိနေတဲ့ ပုဂ္ဂိုလ် ဝေဒနာမပေါ် ပါနဲ့ဆိုလို့ . . . (မရပါဘူးဘုရား)။

ဒါဖြင့် ပေါ်လည်း ပေါ်တဲ့ဝေဒနာတိုင်း၊ ဝေဒနာတိုင်း ကို ဒကာဒကာမတွေက သုခပေါ် လောဘမလာစေနဲ့ . . . (မှန်ပါ့)။

## ဖြစ်ပျက်ရှုပြီးနေပါလို့ဟောတယ်

ဒုက္ခပေါ်ရင် . . . (ဒေါမနဿ မလာစေနဲ့ပါဘုရား) ဥပေက္ခာပေါ်ရင် . . (မောဟမလာစေနဲ့ပါဘုရား) မောဟ မလာစေနဲ့ဆိုတော့ မင်းတို့ ဝေဒနာ ငါမခံစားနဲ့လို့ မဟော ပါဘူးကွတဲ့ မင်္ဂနဲ့ ခံစားပါ . . . (မှန်ပါ့)။

ဖြစ်ပျက်ရှုပြီးနေပါ . . . (မှန်ပါ့) ဒကာ ဒကာမတို့ ဘယ်လို မှာပါလိမ့် . . . (ဖြစ်ပျက်ရှုပြီး နေရမှာပါဘုရား) ဖြစ်ပျက်ရှုပြီး သကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက နေပါလို့ အသေအချာ မဟောဘူးလား . . . (ဟောပါတယ် ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီရဟန်းလေးက ဒီအတိုင်း နေတယ် (မှန်ပါ့) ဒီအဆုံးအမ သိပ်ကောင်းတယ်နော် . . . (မှန်ပါ့)။

ဒကာဒကာမတို့ ဘုရားဆုံးမပုံ သိပ်မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား) ပျက်သင့်လို့ ပျက်တယ်၊ ပျက်သင့်လို့ ပျက်တယ်၊ ပျက်သင့်လို့ ပျက်တယ်လို့သာ မင်းရှုနေ။

ကြားထဲ လောဘ၊ ဒေါသ၊ မောဟ ဘာတွဲတုံး . . . (မလာစေနဲ့ပါဘုရား) မလာစေနဲ့ကွတဲ့၊ ဒီလိုနေစမ်းပါ ဒီလိုနေစမ်းပါဆို ဘုရားက ငါသွားတော့မယ်ပေါ့လေ . . . (မှန်ပါ့)။

ဒီလိုနေနိုင်ရင် ကောင်းတယ်၊ ခုတော့ ငါ ဥပမာလေး တစ်ခု မင်းပြောခဲ့ဦးမယ် ဘုရားက မကြွသေးဘူး နေတော့ ဒီလို နေရမှာပေါ့လေ (မှန်ပါ့)။

## ဘုရားပေးတဲ့ဥပမာ

ငါ ဥပမာလေးတစ်ခု ပြောခဲ့ဦးမယ်ကွတဲ့ မင်းနားလည်အောင် ဥပမာမှာတဲ့ ဒါလေးက ဒကာဒကာမတို့ အောက်ဆီမှာလည်း ရှိပါတယ် ဒီမှာလည်း ရှိပါတယ်။

မြေခွက်ကလေးထဲမှာ ရှေးက တချို့ ဆီကလေး ထည့်မထွန်းကြဘူးလား . . . (ထွန်းပါတယ်ဘုရား) ဂွမ်းကလေး ဒီနားတပ်ပြီးတော့လေ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကိုင်း ဒါဖြင့် ဒကာဒကာမတို့ မြေခွက်ထဲမှာ ဆီထည့်၊ ဆီထည့်ပြီး ဝါဂွမ်းကလေး လိပ်ပြီးသကာလ ဒီအထဲထား နှုတ်ခမ်း

နားထားပြီး မီးရှို့ပေါ့ဗျာ . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ဆီမီးခွက်ဥပမာ

အဲတော့ မြေခွက်ဆိုတာ ခိုင်သလား၊ မခိုင်ဘူးလား . . (မခိုင်ပါဘူးဘုရား) မခိုင်ဘူး မီးရှို့ထားတော့ မြေခွက်ကလည်း မခိုင်၊ မခိုင်တဲ့ မြေခွက် . . . (မှန်ပါ့)။

ဆီကလည်း မီးရှို့ထားပြန်တော့ ကုန်ရမယ့် ဆီ . . . (မှန်ပါ့) မီးစာကလည်း မီးရှို့ထားပြန်တော့ ကုန်ရမယ့် မီးစာ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲတော့ မီးလေးတစ်ခုက ဒကာဒကာမတွေက အမြဲနေချင်လို့တော့ . . . (မရပါဘူးဘုရား)။

## ကွဲတတ်တဲ့မီးခွက်

ကွဲတတ်တဲ့မီးခွက် . . . (မှန်ပါ့) ခမ်းတတ်တဲ့ဆီ ဟုတ်လား၊ အလောင်ခံရတဲ့ မီးစာမှာ တောက်နေတဲ့ မီးလေးဟာ ခိုင်ချင်ပါတယ်ဆိုလို့တော့ ရဟန်း မရဘူးကွ . . . (မှန်ပါ့)။

ဘုရားဥပမာပြတယ် . . . (မှန်ပါ့) ဒကာဒကာမတို့ သဘောပါပလား . . . (ပါပါတယ်ဘုရား) မီးခွက်ကလည်း ကွဲတတ်တယ် . . (မှန်ပါ့) ဆီကလည်း မီးရှို့ထားတော့ (ခန်းတတ်ပါတယ်ဘုရား)။

## ကျွမ်းတတ်တဲ့မီးစာ

အင်း မီးစာကလည်း ကျွမ်းတတ်ပါတယ် ဆိုကြပါစို့ (မှန်ပါ့) ကျွမ်းပြီးသကာလ သူလည်း ကုန်ရမှာပေါ့ဗျာ . . . (မှန်ပါ့)။

ဒါဖြင့် ကွဲတတ်တဲ့ မီးခွက်၊ ကုန်တတ်တဲ့ဆီ၊ ဟုတ်လား ဒါဖြင့် ဒကာဒကာမတို့ ကျွမ်းတတ်တဲ့ မီးစာသည် ဒကာဒကာမ တို့ မီးထွန်းထားပေါ့၊ ဒီသုံးခုဟာ ဒကာဒကာမတို့ သုံးခုကိုက မမြဲလို့ မီးကျမှတော့ မြဲချင်လို့တော့ မရဘူးပေါ့တဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## မီးကျမှမြဲချင်လို့မရ

သုံးခုကိုက ဘယ့်နှယ်တုံး . . . (မမြဲပါဘူးဘုရား) မီးကျမှ မြဲချင်လို့တော့ . . . (မရပါဘူးဘုရား) မီးလေးကျမှ မပျက်ချင် ပါဘူး၊ မီးလေး တာရှည်နေစေချင်ပါတယ်လို့ ခင်ဗျားတို့ ငိုတောင်းတော့ . . . (မရပါဘူးဘုရား)။

မရဘူးကွတဲ့ သဘောပါပလား . . . (ပါပါတယ်ဘုရား) ဒီမှာလည်း ခန္ဓာကလည်း အနိစ္စ သဘောကျပလား . . . (ကျပါ တယ်ဘုရား) ကိုယ်ကလည်း . . . (အနိစ္စပါဘုရား)။

ကိုယ်ကလည်း အနိစ္စ၊ သူ့ထိတဲ့ ဖောဋ္ဌဗ္ဗအာရုံကကော . . . (အနိစ္စပါဘုရား) အင်း **ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစဉပ္ပဇ္ဇတိ**

ကာယဝိညာဏံ ဆိုတဲ့ ကာယဝိညာဏ် ကကော (အနိစ္စပါ ဘုရား)။

## ဝေဒနာလည်း အနိစ္စ

အင်း ဒါဖြင့် သူတို့ သုံးခုကကော . . . (အနိစ္စပါဘုရား) အနိစ္စတွေ ဖြစ်နေတော့ သူတို့ သုံးခု မှီပေါ်တဲ့ ဝေဒနာက မီးအရောင်နဲ့တူတဲ့ ဝေဒနာက ကျုပ်ချည်းနေဦးမယ်၊ ခိုင်ဦးမယ် မြဲဦးမယ်ဆိုလို့ရပါ့မလား . . . (မရပါဘူးဘုရား)။

ဒါကိုလာပြတာ . . . (မှန်ပါ့) မရှင်းသေးဘူးလား . . . (ရှင်းပါပြီဘုရား) ဩော် . . . **ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ** သဘောကျပလား . . . (ကျပါပြီ ဘုရား)။

**တိဏ္ဏံ သင်္ဂတိ ဖဿော ဖဿပစ္စယာ ဝေဒနာ** ဆိုတော့ ဖဿနဲ့ ဝေဒနာက တွဲမပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

တွဲပေါ်တော့ ဖဿနဲ့ ဝေဒနာနဲ့ တွဲပေါ်တော့ ဖဿချုပ်ရင်လည်း ဝေဒနာက . . . (ချုပ်ပါတယ်ဘုရား)။

ဝေဒနာချုပ်ရင်ကော ဖဿက . . . (ချုပ်ပါတယ်ဘုရား) ဒါဖြင့် သူတို့ မီးအလင်းနဲ့ မတူဘူးလား . . . (တူပါတယ်ဘုရား)။

ဒါဖြင့် မီးခွက်ကလည်း အနိစ္စ၊ သဘောကျပလား . . . (ကျပါတယ်ဘုရား) ဆီကလည်း . . (အနိစ္စပါဘုရား) အင်း မီးစာကလည်း . . . (အနိစ္စပါဘုရား)။

## ဝေဒနာဟာမီးနဲ့တူတယ်

မီးကျတော့ မင်းတို့က အနိစ္စ မဖြစ်ချင်ဘူးဆိုလို့ . . . (မရပါဘူးဘုရား) အဲ ဝေဒနာဟာ မီးနဲ့တူတယ်ကွတဲ့ သူ့ပေးတဲ့ ကိုယ်ကလည်း အနိစ္စ သဘောကျပလား . . . (ကျပါပြီဘုရား)။

သူ့ကိုယ်ကို ဖြစ်စေ၊ သူ့ကိုယ်နဲ့ တိုက်တဲ့ ဖောဋ္ဌဗ္ဗအာရုံ ဆိုတဲ့ အမာခတ်ကကော . . . (အနိစ္စပါဘုရား)။

အင်- သူ့နဖူးပေါ် တိုက်မိလို့ ပေါ်လာတဲ့ ဝိညာဏ်လေး ကကော . . . (အနိစ္စပါဘုရား)။

အဲဒီ အနိစ္စတွေ အပေါ်မှာ ပေါ်ရတဲ့ ဝေဒနာက ကျပ်က ခိုင်ချင်ပါသေးတယ်၊ မြဲချင်ပါသေးတယ်၊ တည်တံ့ချင်ပါသေး တယ်ဆိုလို့ ရပ့်မလား . . . (မရပါဘူးဘုရား)။

## ဒီအတိုင်းရှုရင် ကိစ္စပြီးတယ်

ဘာကြောင့်တုံးဆိုတော့ ဥပမာပြလိုက်တယ် မီးခွက် ကလည်း . . . (အနိစ္စပါဘုရား) ကွဲတတ်တဲ့ပစ္စည်းမို့ အနိစ္စ . . . (မှန်ပါ့)။

ဆီကလည်း ခန်းတတ်တဲ့ပစ္စည်းမို့ . . . (အနိစ္စပါဘုရား) မီးစာကလည်း ကျွမ်းတတ်တဲ့ပစ္စည်းမို့ . . . (အနိစ္စပါဘုရား)။

ဒါဖြင့် မီးလေး ခိုင်ပါ့မလား . . . (မခိုင်ပါဘူးဘုရား) အဲဒီလို မင်းတို့ ဝေဒနာအပေါ်မှာ ဒီအတိုင်း ရှင်းရှင်းလင်းလင်း ရှုလို့ရှိရင်ကွာတဲ့ ကိစ္စပြီးပါတယ် . . . (မှန်ပါ့)။

## ဘုရားက ဒီလိုနေရစ်လို့မှာတယ်

ဘုရားက သွားတော့မလို့ ဥပမာပြနေတာ . . . (မှန်ပါ့) အဲဒီလိုပြပြီး ဒီရဟန်းလေး ဝေဒနာမေးပြီး မင်းဒီလို နေရစ်၊ ဒီလို နေရစ်၊ ဒီလိုရှုလို့ရှိရင် သူတို့က ကုန်တတ်တဲ့ ပစ္စည်းတွေ မင်းသိပြီ။

## ရဟန်းလေး ရဟန္တာဖြစ်သွားတယ်

မင်းသိတော့ ဒီကြားထဲမှာ လောဘ၊ ဒေါသ၊ မောဟ၊ မလာဘူး ဆိုလို့ရှိရင် မင်းဒီအတိုင်းသာ မလာအောင် နေရစ် ဆိုပြီး ဟောတော့ မမာလည်း မမာ၊ ရဟန္တာလည်း ဖြစ်တယ်၊ ရိပ်မိကြပလား . . . (ရိပ်မိပါတယ်ဘုရား)။

ဖြစ်ထိုက်ကဲ့လား . . . (ဖြစ်ထိုက်ပါတယ်ဘုရား) လောဘ၊ ဒေါသ၊ မောဟလည်း သေတယ် . . . (မှန်ပါ့) ဒီက ဒိဋ္ဌိဝိစိကိစ္ဆာကော . . . (သေပါတယ်ဘုရား)။

သေတော့ ဒီဝေဒနာလေးဟာ ဒကာဒကာမတို့ ကိုယ်ပေါ်မှာ ပေါ်တဲ့ဝေဒနာလေးဟာ တစ်ခါတည်း ကိုယ်လည်း ရှင်းထားတဲ့အတိုင်းတဲ့၊ ဝေဒနာ အနိစ္စရောက်သွားတော့ ကို၊ ဝေဒနာ၏ မှီရာကလည်း အနိစ္စပဲလို့ ခုနက ဟောပြီးပြီ . . . (မှန်ပါ့)။

အဲတော့ အကုန်အနိစ္စတွေ ဒကာဒကာမတွေတဲ့ ဖြစ်ပျက်တွေ မြင်ပြီး ဒီအနိစ္စတွေဟာ အကုန်မဆုံးပေဘူးလား . . . (ဆုံးပါတယ်ဘုရား)။

## ဝေဒနာကုန်အောင်သာရှု

အင်း. . . ဆုံးသွားတော့ **ဝေဒနံခယော ဘိက္ခုနိစ္ဆ ပရိနိဗ္ဗုတော** ဆိုတဲ့အတိုင်း ဒါကုန်အောင်သာရှု ဒကာ ဒကာမတွေ ဝေဒနာကုန်ရင် ဝေဒနာမှီရာ ကုန်တာပဲ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဝေဒနာကုန်ရင် . . . (ဝေဒနာမှီရာ ကုန်ပါတယ်ဘုရား) အကုန် ရောကုန် ကုန်တာပဲ ဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ကဲ ဒါဖြင့် အဲဒီကဲ့သို့ ဝေဒနာကုန်အောင် လိုက်လိုက်လို့ ရှိရင်ဖြင့် ခန္ဓာကိုယ်ပါ ပျောက်ပါလိမ့်မယ် . . . (မှန်ပါ့) ဝေဒနာလည်းပျောက် . . . (ခန္ဓာလည်းပျောက်ပါဘုရား)။

ခန္ဓာလည်းပျောက်ဆိုတော့ ဒါဖြင့် ဝေဒနာက္ခန္ဓာ အကုန်ပျောက်ပေါ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ဝေဒနာက္ခန္ဓာ အကုန်ပျောက်ဆိုတော့ ဝေဒနာလည်း ပျောက်၊ ခန္ဓာလည်းပျောက်ဆိုတော့ ဒကာဒကာမတို့ မီးစာလဲ မရှိ . . . (မှန်ပါ့)။

## ခန္ဓာလည်းသိမ်း၊ မီးလည်းငြိမ်း

မီးခွက်လည်း . . . (မရှိပါဘုရား) အင်း မီးစာကော . . . (မရှိပါဘုရား) မီးကော . . . (မရှိပါဘုရား) အင်း ဒါဖြင့် ဒကာဒကာမတို့ ခန္ဓာလည်း သိမ်း၊ မီးလည်းငြိမ်းပေါ့ . . . (မှန်ပါ့)။

ခန္ဓာလည်းသိမ်း၊ မီးလည်း . . . (ငြိမ်းပါဘုရား) အဲ ကျန် ခန္ဓာလေးပါးကလည်း သိမ်း၊ ဝေဒနာက္ခန္ဓာ မီးကလည်းငြိမ်း မှန်ပါ့)။

## ဒါနိဗ္ဗာန်ရောက်တာ

ခန္ဓာငါးပါးရှိတဲ့အနက်က ကျန်ခန္ဓာလေးပါးလည်း သိမ်း၊ အင်း ဝေဒနာဆိုတဲ့ မီးကကော . . . (ငြိမ်းပါတယ်ဘုရား) ငြိမ်းပေါ့၊ ဪ ခန္ဓာလည်းသိမ်း၊ မီးလည်းငြိမ်းဆိုတော့ ဒကာ ဒကာမတွေသည် ဒါ နိဗ္ဗာန်ရောက်တာ . . . (မှန်ပါ့)။

ဒီကလည်း မဂ္ဂင် (၈) ပါးသွားဖြစ်တယ် . . . (မှန်ပါ့) မဖြစ်ပါနဲ့ဆိုလို့ ရသေးရဲ့လား . . . (မရပါဘူးဘုရား) ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

အဲဒီမှာတင် လူမမာ အမေးလာရင်း ဘုရားဟောတဲ့ တရားဟာ သိပ်အဖိုးတန်တယ်ဆိုတာ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) ဒီအတိုင်းအားထုတ်ပါ။

**ယနေ့ဒီတွင် တော်ကြစို့**

**သာဓု . . . သာဓု . . . သာဓု။**